မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၀၆)

အရိယ သစ္စာန ဒဿနံ စေတံ မင်္ဂလ မုတ္တမံ

မြတ်စွာဘုရား ဟောကြားတော်မူသော
သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ဘံခွန်စိုက်ဆုချီးမြှင့်

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် ၂၀၀၇-၂၀၀၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသင်းလိုက် (အကျော့မဲ့) ပြိုင်ပွဲ၌ ဘံခွန်စိုက်ဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၃

၂၀၀၇-၂၀၀၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲအစီအစဉ်များကို ယနေ့နံနက် ၆ နာရီမှစတင်၍ နေပြည်တော်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပရာ ပွဲစဉ်များအားလုံး ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ဆုများချီးမြှင့်

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ညနေ ၆ နာရီ ၁၅ မိနစ်တွင် ကျင်းပရာ ၂၀၀၇-၂၀၀၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲများ၌ အသင်းလိုက် (အကျော့ပေး) ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၅၆၉ ချက်ဖြင့် တတိယဆုရ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်း၊ အသားတင်ရိုက်ချက် ၅၅၆ ချက်ဖြင့် ဒုတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်း၊ အသားတင်ရိုက်ချက် ၅၂၉ ချက်ဖြင့် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်း၊ အသင်းလိုက်(အကျော့မဲ့) ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၇၂၀ ဖြင့် တတိယဆုရ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်း၊ အသားတင်ရိုက်ချက် ၆၈၈ ချက်ဖြင့် ဒုတိယဆုရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း၊ အသားတင်ရိုက်ချက် ၆၆၁ ချက်ဖြင့် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်း၊ တစ်ဦးချင်း(အကျော့ပေး)ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၁၂၉ ချက်ဖြင့် တတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်ကြီးနိုင်လင်းဦး၊ အသားတင်ရိုက်ချက် ၁၂၅ ချက်ဖြင့် ဒုတိယဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းမှ ဗိုလ်ကြီးဟိန်းမင်းထက်၊ အသားတင်ရိုက်ချက် ၁၂၃ ချက်ဖြင့် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းမှ ဗိုလ်ကြီးမင်းချမ်းဟိန်း၊ တစ်ဦးချင်း (အကျော့မဲ့)ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၁၆၁ ချက်ဖြင့် တတိယဆုရ တြိဂံဒေသတိုင်းစစ်ဌာနချုပ် အသင်းမှ ဗိုလ်ကြီးအောင်နိုင်ဝင်း၊ အသားတင်ရိုက်ချက် ၁၅၉ ချက်ဖြင့် ဒုတိယဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းမှ ဗိုလ်ကြီးမင်းချမ်းဟိန်း၊ အသားတင်ရိုက်ချက် ၁၅၃ ချက်ဖြင့် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းမှ ဗိုလ်မှူးမောင်မောင်မြင့်၊ တစ်ဦးချင်း(အကျော့ပေး/အကျော့မဲ့)ပြိုင်ပွဲများတွင်

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာ့အလင်း
အင်တာနက် ကျန်းမာရေး

ကြက်ဥစားသုံးခြင်းဖြင့် ဦးနှောက်ကျန်းမာရေးကောင်းမွန်

အာဟာရဓာတ်ပေါများသော အစားအစာများတွင် ကြက်ဥပါဝင်သည်။ ကြက်ဥသည် တစ်နှစ်တာကာလ အမြဲတမ်းရရှိနိုင်သော ပစ္စည်းလည်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံအများအပြား၌ စားသုံးမှုများသော အစားအစာလည်းဖြစ်သည်။

သတ္တုဓာတ်များစွာပါဝင်

ကြက်ဥတွင် ပရိုတိန်း၊ ကယ်လိုရီ၊ ဗီတာမင်ဘီနှင့် အခြားသတ္တုဓာတ်များစွာ ပါဝင်သည်။ ထို့အပြင် ကြက်ဥ၌ ဖောလစ်အက်စစ်လည်း ပါဝင်လျက်ရှိသည်။ ပရိုတိန်းဓာတ်ပါဝင်မှုမှာ ၁၁ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း ဗြိတိသျှသုတေသန ပညာရှင်များက ပြောကြားသည်။

ခန္ဓာကိုယ်ကြံ့ခိုင်

ကြက်ဥကို သီတင်းတစ်ပတ်လျှင် သုံးလုံးခန့် စားသုံးပါက ခန္ဓာကိုယ် ကြံ့ခိုင်ပြီး ဦးနှောက်ကျန်းမာရေးကို ကောင်းစွာအထောက်အပံ့ပေးနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

သတိပေးထား

တစ်ဖန် ကြက်ဥကို သတ်မှတ်ချက်အတိုင်း စားသုံးပါက ခန္ဓာကိုယ်တွင်း ဆဲလ်များပျက်စီးမှုကို ကာကွယ်ပေးနိုင်ပြီး အစာချေဖျက်မှုကိုလည်း အထောက်အကူပေးနိုင်သည်။ သို့သော် ကြက်ဥကို သတ်မှတ်ချက်ထက် ပိုမိုစားသုံးပါက ခန္ဓာကိုယ်အတွင်း ကိုလက်စထရော မြင့်မားစေပြီး အသည်းအဆီဖုံးခြင်းဖြစ်ပေါ်စေနိုင်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

သတင်းနှင့် ဆောင်းပါးအညွှန်း

❒ ကင်ညာနိုင်ငံရေးအကျပ်အတည်း အမြန်ဆုံး မဖြေရှင်းနိုင်လျှင် သွေးထွက်သံယိုမှုများ ထပ်မံဖြစ်ပွားနိုင်ဟု ဘန်ကီမွန်းပြောကြား — စာ - ၄

❒ ဝါရှင်တန်၌ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြ — စာ - ၅

❒ ထိုင်းရွေးကောက်ပွဲ၌ အနိုင်ရအမတ်များ မဲလိမ်ခဲ့ — စာ - ၆

❒ သမ္မတရွေးရန် (၁၂)ကြိမ် ရက်ရွှေ့ဆိုင်းလိုက်ရသည့် လက်ဘနွန်နိုင်ငံ — သတင်းအက်ဆေး — စာ - ၇

❒ သူတို့ ဤသို့ ဖွင့်ဟပြောကြားကြသည် — မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်တို့၏ တွေ့ဆုံမေးမြန်းချက် စာ-၁၁

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

14-1 (01) 1 1/14/08, 2:59 AM

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်)

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အရည်အသွေးမီကုန်ပစ္စည်းများ ထုတ်လုပ်

နိုင်ငံတော်က စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဖော်ဆောင်လျက် ရှိသည်။ ဒေသအသီးသီးရှိ ပြန့်ကျဲနေသော စက်မှုလုပ်ငန်းများကို စုစည်း၍ စက်မှုဇုန်များ ထူထောင်ပေးခဲ့သည်။

စက်မှုနယ်မြေများ တည်ထောင်ခြင်း၊ စက်မှုဇုန်များတည်ဆောက်ခြင်း၊ စက်ရုံ အလုပ်ရုံသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းတို့နှင့်အတူ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းနေပြီ ဖြစ်သည်။ စက်မှုဇုန်များတွင် အဆင့်မြင့်နည်းပညာများနှင့် ခေတ်မီသံရည်ကျိုပုံလောင်း၊ ပုံဖိစက်ရုံများထူထောင်ထားရှိပြီးဖြစ်ရာ သံထည်ပစ္စည်း ကိုင်တွယ်သည့်စက်မှုလုပ်ငန်းများတိုးတက်လျက်ရှိသည်။

မော်လမြိုင် စက်မှုဇုန်မှ စက်မှုလုပ်ငန်းသုံး အပိုပစ္စည်းများ၊ မော်တော်ယာဉ်နှင့် စက်ပစ္စည်းအစိတ်အပိုင်းများ၊ လယ်ယာသုံးပစ္စည်းများ၊ ဘိုင်အိုဒီဇယ်နှင့် ဒီဇယ်ဆီသုံးမီးဖို၊ ရော်ဘာကြိတ်စက်၊ ဘက်ထရီနှင့် ကွန်ပေါင်းပစ္စည်းများအပြင် လူသုံးကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်ပေးနိုင်ပြီ ဖြစ်သည်။

ယခုအခါ စက်မှုဇုန်များသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန် ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ ပြည်ပသွင်းကုန်လျှော့ချပြီး သွင်းကုန်အစားထိုးလုပ်ငန်းများ တိုးပွားရေးအတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ပြည်တွင်းသယံဇာတပစ္စည်းများ အဓိကထား ထုတ်လုပ်ပြီး စက်မှုလုပ်ငန်းများ တိုးတက်လာအောင် ကြိုးဆောင်ခြင်းဖြင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားခဲ့သည်။

သို့ဖြစ်ရာ စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များအပါအဝင် စက်မှုကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားစက်မှုလုပ်ငန်းရှင်များက နိုင်ငံအတွင်းရှိ သယံဇာတများကို အပြည့်အဝ အသုံးချပြီး ပြည်ပသွင်းကုန် အစားထိုးကုန်ပစ္စည်းများ အရည်အသွေးမီတိုးမြှင့် ထုတ်လုပ်လာနိုင်သည်နှင့်အမျှ သွင်းကုန်အစားထိုး လိုအပ်ချက်ကို ပိုမို ဖြည့်ဆည်းပေးသွားနိုင်မည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဟာဗောဓိစေတီ
မနောရမသိမ်ကျောင်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားအနီးရှိ ငါးထပ်ကြီးကျောင်းတိုက် ဒေါ်နုခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီ မနောရမလေးထပ်သိမ်ကျောင်းတော်ကြီးအတွက် အလှူရှင်ဦးကြည်လွင်-ဒေါ်စန်းစန်းကြည်(ခ)မအေး၊ သား မောင်သူရထွန်း အမှတ် ၁၅၉ အနောက်ရွှေဂုံတိုင်လမ်း ဗဟန်း ရန်ကုန် Royal Red Rose Co., Ltd. က အလှူငွေကျပ်သိန်း ၂၀ ကို ပဓာနဆရာတော် ဘဒ္ဒန္တနန္ဒိယထံ ဆက်ကပ်လှူဒါန်းသည်။**(အောက်ပုံ)**

မဟာဗောဓိစေတီ မနောရမ လေးထပ်သိမ်ကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ကုသိုလ်ပါဝင် လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တနန္ဒိယ ဖုန်း-၀၁-၅၄၀၀၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၁၄-၁-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးဗျာ
- ၄း၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၃၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅း၂၀ ၈။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၅း၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
- ၅း၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၅ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၆၁)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်ချစ်သူရဲကောင်း** (အပိုင်း-၂၃)

အိမ်တော်ရာစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် တရားပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင်မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော်ကြီး၏ (၁၅၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အထူးတရားပွဲများအဖြစ် ဇန်နဝါရီ၁၇ရက် (ကြာသပတေးနေ့) ညနေ ၆နာရီခွဲတွင် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၊ ၁၉ရက်(စနေနေ့) ည၇နာရီတွင် အရှင်ခေမာသီရိလင်္ကာရ(သီတဂူကြာတစ်ပွင့်)၊ ၂၁ရက် (တနင်္လာနေ့) ည၇နာရီတွင် ဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ (D.Litt) (သီတဂူ) ဆရာတော်တို့က ရင်ပြင်တော်ရှိ ရတနာ့ဗိမာန်တော်ကြီးတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့်ကြမည်ဖြစ်သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို (ပြာသိုလပြည့်နေ့)ဇန်နဝါရီ၂၂ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် စေတီတော်ရင်ပြင်တော်ပေါ်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ တိုင်းသံဃနာယကဆရာတော်၊ ဩဝါဒဆရာတော်ကြီးများ အပါအဝင် သံဃာတော်အပါး ၅၀ ကြွရောက်မည်ဖြစ်၍ အလှူရှင်များ တက်ရောက်လှူဒါန်း နိုင်ကြောင်းနှင့် ဖုန်း-၃၈၃၇၉၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး) တွင် အမှတ် ၅၀၅ အောင်ရတနာ ၂လမ်း ၂၈ရပ်ကွက်ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နေ မိတနှစ်ပါးဖြစ်သော ဦးလှသွင်- ဒေါ်သန်းမြင့်တို့အား အမှူးထား၍ မနန်းယုဆွေ၏ မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် လေးထပ်ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီးအတွင်း၌ စတင်ဆောက်လုပ်နေပြီဖြစ်သော လေးထပ်ဘောဇနဆောင်ကြီးအတွက် ကိုပြည့်စုံဟန်-မစိုးဝင့်မွန်မိသားစု သဃ်န်းကျွန်းက ငွေကျပ်တစ်သိန်း၊ ဦးသိန်းလှိုင်-ဒေါ်ကြည်ကြည်ထွေး ကိုယ့်မင်းကိုယ့်ချင်း ရိပ်သာ ဗဟန်းက ငွေကျပ်တစ်သိန်း၊ ဒေါ်အေးမြင့် ငုဝါလမ်း အလုံက ငွေကျပ်နှစ်သိန်း၊ ဦးမြင့်အောင်-ဒေါ်လှကြည်မိသားစု တာမွေက ငွေကျပ်တစ်သိန်း၊ ဦးဘစောအောင်-ဒေါ်ပုမြတင် မင်္ဂလာတောင်ညွန့်က ငွေကျပ်တစ်သိန်း၊ ဒေါ်ခင်သန်း မိသားစု ကြည့်မြင်တိုင်က ငွေကျပ်တစ်သိန်း၊ ဦးခင်မောင်ဦး-ဒေါ်စန်းမြ မိသားစု တောင်ဥက္ကလာပက ငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးအောင်ကြည်-ဒေါ်သန်းသန်းဌေးမိသားစု ဗဟန်းက ငွေကျပ်တစ်သိန်း၊ ဒေါ်တင်တင်မိသားစု အောင်မြေသာစည်အိမ်ရာက ငွေကျပ်တစ်သိန်း လှူဒါန်းကြသည်။ လှူဒါန်းလိုပါက ဖုန်း-၅၄၁၈၆၀ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၁၄-၁-၂၀၀၈(တနင်္လာနေ့)

AM & PM

- ၇း၀၀ - ၁း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ - ၁း၀၅ **ပြုံးသေနည်းလှ ဤလောက** တရားတော် ဆရာတော်အရှင်သုနန္ဒ (မိုးကုတ်)
- ၈း၁၅ - ၂း၁၅ Soccer Update
- ၈း၃၀ - ၂း၃၀ တေးဂီတအစီအစဉ်
- ၈း၃၅ - ၂း၃၅ မှုးယစ်ကင်းစင် လူ့ဘောင်တစ်ခွင် MANA၏ ရည်မှန်းချက် ပန်းတိုင်အသွင်(ဒုတိယပိုင်း)
- ၉း၀၀ - ၃း၀၀ တေးဂီတအစီအစဉ်
- ၉း၀၅ - ၃း၀၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၉း၂၅ - ၃း၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၃၅ - ၃း၃၅ သာစုအနုမောဒနာ ခေါ်ဆိုစေရာ မိုးကောင်းဆုတောင်း ပြည့်စေတီတော်မြတ်ကြီးမှာ
- ၉း၅၀ - ၃း၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉း၅၅ - ၃း၅၅ MRTV-4 ကျန်းမာရေးကဏ္ဍ (အဆုတ်ကင်ဆာရောဂါအကြောင်း) (ပါမောက္ခ ဒေါက်တာတင်မောင်ချိုနှင့် တွေ့ဆုံခြင်း)
- ၁၀း၁၅ - ၄း၁၅ တေးဂီတအစီအစဉ်
- ၁၀း၂၀ - ၄း၂၀ မိုးလေဝသခန့်မှန်းချက်
- ၁၀း၂၅ - ၄း၂၅ ငါးမှုပေးသော Value Artist
- ၁၀း၄၀ - ၄း၄၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀း၅၀ - ၄း၅၀ ကွင်းမြေနမူနာထုတ်ယူခြင်းမှ ရရှိလာသော မြေနမူနာများအား ဓာတ်ခွဲစမ်းသပ်ခြင်း
- ၁၁း၀၀ - ၅း၀၀ တေးဂီတအစီအစဉ်
- ၁၁း၀၅ - ၅း၀၅ MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာကြည်ရွှန်းနှင့် တွေ့ဆုံခြင်း)
- ၁၁း၂၅ - ၅း၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၃၀ - ၅း၃၀ လေးပါးဆေး အမယ်ပေါင်း စုယူ ဆေးစတုမဂ္ဂ
- ၁၁း၅၅ - ၅း၅၅ တေးဂီတအစီအစဉ်
- ၁၂း၀၅ - ၆း၀၅ Yangon Panorama (Glory Of Emotion ပန်းချီပြပွဲ)
- ၁၂း၂၀ - ၆း၂၀ တေးဂီတအစီအစဉ်
- ၁၂း၂၅ - ၆း၂၅ မျိုးဆက်ပွား ကျန်းမာရေးနှင့် အနာဂတ်ကမ္ဘာ (ဒုတိယပိုင်း) (ဒေါက်တာခင်မောင်လွင်)
- ၁၂း၄၅ - ၆း၄၅ တေးဂီတအစီအစဉ်
- ၁၂း၅၀ - ၆း၅၀ ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
- ၁း၀၀ - ၇း၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

● ရှေ့ဖုံးမှ

ပါအများဆုံးဆုကို နှစ်ရက်ပေါင်း ပါ ၂၅ကျင်း ရိုက်နိုင်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းမှ ဗိုလ်မှူးမောင်မောင်မြင့်၊ တစ်ဦးချင်း (အကျောပေး၊ အကျောမဲ့) ပြိုင်ပွဲများတွင် ဘာဒီအများဆုံးဆုကို နှစ်ရက်ပေါင်း ဘာဒီလေးကျင်း ရိုက်နိုင်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းမှ ဗိုလ်ကြီးမင်းချမ်းဟိန်း၊ ပထမနေ့ တစ်ဦးချင်း (အကျောပေး)အကောင်းဆုံး အားကစားသမားဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)အသင်းမှ ဗိုလ်ကြီးမင်းချမ်းဟိန်း၊ ဒုတိယနေ့ တစ်ဦးချင်း (အကျောပေး) အကောင်းဆုံးအားကစားသမားဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်ကြီးနိုင်လင်းဦး၊ ပထမနေ့ တစ်ဦးချင်း(အကျောမဲ့) အကောင်းဆုံး အားကစားသမားဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းမှ ဗိုလ်မှူးမောင်မောင်မြင့်၊ ဒုတိယနေ့ တစ်ဦးချင်း(အကျောမဲ့) အကောင်းဆုံး အားကစားသမားဆုကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)အသင်းမှ ဒုတိယဗိုလ်မှူးကြီးမိုးအောင်၊ ပထမနေ့ အဝေးဆုံးရိုက်ချက်ဆုကို ကျင်းအမှတ်(၁၂)တွင် ၂၅၈ ကိုက် ရိုက်နိုင်ခဲ့သော အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းမှ ဗိုလ်မှူးအောင်မြင့်သိန်း၊ ဒုတိယနေ့ အဝေးဆုံးရိုက်ချက်ဆုကို ကျင်းအမှတ်(၁၂)တွင် ၂၆၈ ကိုက် ရိုက်နိုင်ခဲ့သော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်ကြီးရဲထက်၊ ပထမနေ့ အနီးဆုံးရိုက်ချက်ဆုကို ကျင်းအမှတ်(၅)တွင် ၁၂ ပေ ၁၁ လက်မ ရိုက်နိုင်ခဲ့သော အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်မှူးအောင်နိုင်ဦး၊ ဒုတိယနေ့ အနီးဆုံး ရိုက်ချက်ဆုကို ကျင်းအမှတ်(၅)တွင် ၃ ပေ (၃ ဒသမ ၅)လက်မ ရိုက်နိုင်ခဲ့သော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်ကြီးဖြိုးဝေလင်း၊ အကြိုးစားဆုံး အားကစားသမား(အကျောပေး) ဆုကို အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းမှ ဒုတိယဗိုလ်မှူးကြီးလှဌေး၊ အကြိုးစားဆုံး အားကစားသမား(အကျောမဲ့)ဆုကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီးမိုးလွင်၊ အကြိုးစားဆုံးအသင်း (အကျောပေး) ဆုကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်း၊ ၂၀၀၇–၂၀၀၈ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသင်းလိုက်(အကျောမဲ့)ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၆၆၁ ချက်ဖြင့် တံခွန်စိုက်ဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းနှင့် အသင်းလိုက် (အကျောပေး) ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၅၂၉ ချက်ဖြင့် တံခွန်စိုက်ဆုရရှိသွားသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် ၂၀၀၇–၂၀၀၈ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသင်းလိုက် (အကျောပေး)ပြိုင်ပွဲ၌ တံခွန်စိုက်ဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ ခုနှစ် ပြာသိုလဆန်း ၇ ရက်
(အဖိတ်နေ့)
၁၄–၁–၂၀၀၈ ရက်
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၅	၇။	အတီးပြိုင်ပွဲ
၈:၃၀	၈။	International News
၈:၄၅	၉။	Grammar made Easy

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၆:၅၅	၅။	အကပဒေသာ
၁၇:၀၅	၆။	မြန်မာစာ မြန်မာစကား
၁၇:၂၀	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၃၀	၈။	**ကုသမနေး တီဘီဘေး**
၁၇:၄၅	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	အလှရှာမယ် လှကမ္ဘာဝယ်
၁၈:၅၅	၁၃။	စွမ်းဆောင်မှုမှာစံတင်ထားသူ့ရဲ့အမည် ချင်းတွင်းသား
၁၉:၁၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေ ချစ်သက်တည်** (အပိုင်း–၁၄)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်စေတမန်** (အပိုင်း–၁၆)

တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Co., Ltd.မှ Vice President, Mr. Makin Petplai နှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းအဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Co., Ltd. မှ Vice President, Mr. Makin Petplai နှင့် အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၃)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၃

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၃)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ **'လုပ်သင့်တာတွေ လုပ်ချင်တာတွေ'** အယ်ဒီတာ့ ဒိုင်ယာရီနှင့်အတူ အဆောက်အအုံအမြင့်များ ဓာတ်လှေကားတပ်ဆင်ရမည့် စည်းကမ်းချက်ကို ရှစ်ထပ်အမြင့်မှ ၇၅ ပေအထက်သို့ ပြောင်းလဲသတ်မှတ်၊ မြန်မာ–တရုတ်နယ်စပ်ကုန်သွယ်ရေးတွင် စခန်းသစ်များ တိုးချဲ့ဖွင့်လှစ်မည်၊ အင်းစိန်ဂျီတီအိုင်ကျောင်းဝင်းအတွင်းတွင် ပုဂ္ဂလိကကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုပြီ၊ မြန်မာ–တရုတ်ခရီးသွားလုပ်ငန်းမြှင့်တင်ပေးမည့် ထိန်ချုံး–ကန်ပိုက်တီး–မြစ်ကြီးနားကားလမ်းပြီးစီးတော့မည်၊ ဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ အောင်မြင်သူတစ်ဦးအကြောင်း **'သာမန်အရောင်းဝန်ထမ်းဘဝမှ အောင်မြင်မှုရအောင် စွမ်းဆောင်ခဲ့သူ ကိုကျော်ကိုကို (Marketing Services Manager) နှင့် တွေ့ဆုံခြင်း'**၊ အလုပ်နှင့်ပညာရေး **'စင်ကာပူအစိုးရအသိအမှတ်ပြု ဒီပလိုမာလက်မှတ် ဘယ်လိုရွေးချယ်ရမလဲ'** နှင့် **'မတုန်မမှုန်သည့် ဒီဗွီဒီရေစီးအဟုန်'**ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'မန်ယူနှင့် ချယ်လ်ဆီး ထိပ်တိုက်တွေ့ဆုံပြီး လီဗာပူး ပွဲမချောင်ပါ' အားကစားဆောင်းပါးနှင့်အတူ ခိုကိုးရာမဲ့တယ်လို့ခံစားရရင် တစ်ဦးတည်းနေတာ အကောင်းဆုံးပါ၊ မတ်ဆူရှီတာက ၎င်း၏အမည်ကို ပင်နာဆောနစ်ဟု ပြောင်းမည်၊ စင်ကာပူတွင် အမှုသည်တို့၏ငွေများကို အလွဲသုံးစားလုပ်သော ဥပဒေအကျိုးဆောင်များကို စိစစ်မည့်ကော်မတီဖွဲ့စည်းမည်၊ သီရိလင်္ကာက သောင်းကျန်းသူများကို လက်နက်ချရန်တောင်းဆို၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားများအတွက် မှတ်ပုံတင်ဥပဒေမလိုအပ်၊ တရုတ်နိုင်ငံက ပြစ်မှုကျူးလွန်သူများအတွက် ဥပဒေပြောင်းလဲသတ်မှတ်မည်၊ ကွယ်လွန်သွားပြီဖြစ်သောမင်းသမီးကို ထိုင်းပြည်သူပြည်သားများက ရိုသေလေးစားသမှုပြုစသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

နွယ်သာကီလမ်းမိသားစုတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်း အလုံမြို့နယ် စောရန်ပိုင်(အနောက်)ရပ်ကွက် နွယ်သာကီလမ်းမိသားစု၏ ပထမအကြိမ်မြောက်တရားပွဲများကို ဇန်နဝါရီ ၁၄ ရက် (တနင်္လာနေ့) ည ၇ နာရီတွင် ဘဒ္ဒန္တစန္ဒသူရိယ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အောင်စကြာဆရာတော်ကလည်းကောင်း၊ ၁၅ ရက် (အင်္ဂါနေ့) ည ၇ နာရီတွင် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော်ကလည်းကောင်း၊ ၁၆ ရက်(ဗုဒ္ဓဟူးနေ့) ည ၇ နာရီတွင် ဘဒ္ဒန္တအရှင်ဇာနေယျ တိုက်ကြီးမြို့ လိမ္မော်ခြံကျေးရွာ မြစိမ်းတောင်ဆရာတော်က လည်းကောင်း ညစဉ်နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။

(က–ပ)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန စာရေးဝန်ထမ်း အရည်အချင်းမြှင့်မွမ်းမံသင်တန်း အမှတ်စဉ်(၂/၂၀၀၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်း အမှာစကားပြောကြားစဉ်။ (ပြည်တွင်းအခွန်)

ကင်ညာနိုင်ငံ အကြမ်းဖက်မှု

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ အကြမ်းဖက်မှု ဖြစ်ပွားနေသည်ကို တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ကင်ညာ နိုင်ငံရေးအကျပ်အတည်း အမြန်ဆုံးမပြေရှင်းနိုင်လျှင် သွေးထွက်သံယိုမှုများထပ်မံဖြစ်ပွားနိုင်ဟု ဘန်ကီမွန်းပြောကြား

နိုင်ရိုဘီ ဇန်နဝါရီ ၁၃

ကင်ညာနိုင်ငံ၌ ဒီဇင်ဘာ၂၇ရက်က ကျင်းပသည့် ရွေးကောက်ပွဲတွင် မဲလိမ်မှုကိုအကြောင်းပြု၍ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုနှင့် နိုင်ငံရေးတင်းမာမှုများ အဆုံးသတ်ရန် ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂက ကင်ညာအစိုးရခေါင်းဆောင်များနှင့် အတိုက်အခံခေါင်းဆောင်တို့အား ဇန်နဝါရီ ၁၂ရက်တွင် တိုက်တွန်းပြောကြားလိုက်သည်။

ပြောကြား

အာဖရိကတိုက်အရှေ့ပိုင်းတွင် ကင်ညာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်သင့်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်က ပြောကြားသည်။

ဖော်ပြ

ကင်ညာနိုင်ငံတွင် နိုင်ငံရေးတင်းမာမှုများ ဆက်လက်ဖြစ်ပွားနေခြင်းဖြင့် စီးပွားရေးအကျိုးအမြတ် ဖြစ်ထွန်းမလာနိုင်သည်ကို ကင်ညာနိုင်ငံရှိ နိုင်ငံရေးပါတီအားလုံးက နားလည်သဘောပေါက်သင့်ပြီဖြစ်ကြောင်း၊ အစိုးရနှင့် အတိုက်အခံတို့ကြား အပြန်အလှန် ယုံကြည်မှုတည်ဆောက်ခြင်းဖြင့် ကင်ညာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကို ပြန်လည်ရရှိစေလိမ့်မည်ဖြစ်ကြောင်း အီးယူ၏ ထုတ်ပြန်ကြေညာချက်၌ ဖော်ပြသည်။

သံသယဖြစ်ဖွယ်ကောင်း

ကင်ညာနိုင်ငံ၏ ရွေးကောက်ပွဲရလဒ်သည် အလွန်သံသယဖြစ်ဖွယ်ကောင်းကြောင်း အီးယူလေ့လာသူများ၏ ပြောကြားချက်ကို အထက်ပါ ထုတ်ပြန်ကြေညာချက်၌ ဖော်ပြသည်။

ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်၍ အဓိကရုဏ်းများဖြစ်ပွားခဲ့ရာ လူပေါင်း၆၀၀ခန့် သေဆုံးခဲ့ရသည်။ ယင်းနိုင်ငံရေးတင်းမာမှုများ ဆက်လက်ဖြစ်ပွားနေ၍ ကင်ညာပြည်သူ ၅၀၀၀၀၀ခန့် အရေးပေါ်စားနပ်ရိက္ခာအကူအညီများ လိုအပ်နေကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ်က ပြောကြားသည်။

သွေးထွက်သံယိုမှုများ

ကင်ညာနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်း အမြန်ဆုံးမဖြေရှင်းနိုင်လျှင် သွေးထွက်သံယိုမှုများ ထပ်မံဖြစ်ပွားနိုင်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက နိုင်ရိုဘီရှိ ကုလသမဂ္ဂရုံး၌ ကြေညာချက်ထုတ်ပြန်သည်။

ကင်ညာနိုင်ငံ၌ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီလမ်းကြောင်းကို အမြန်ဆုံး အကောင်အထည်ဖော်ရန်လည်း ၎င်းက တိုက်တွန်းလိုက်သည်။

သတိပေး

အဆိုပါနိုင်ငံ၌ ဖြစ်ပွားခဲ့သော နိုင်ငံရေးပြဿနာကြောင့် လူပေါင်း၇၀၀ ကျော်သေဆုံးနိုင်ကြောင်း ကင်ညာရဲအဖွဲ့က ပြောကြားလိုက်သည်။ ယင်းကဲ့သို့ သေဆုံးသူအရေအတွက် တိုးပွားလာသဖြင့် မစ္စတာဘန်ကီမွန်းက ကင်ညာသမ္မတ ကီဘာကီနှင့် အတိုက်အခံခေါင်းဆောင် အိုဒင်ဂါတို့အား သတိပေးလိုက်သည်။

(အင်တာနက်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့လမ်းများပေါ်၌ ပြည်သူများပိတ်ဆို့ဆန္ဒပြ

ဒါကာ ဇန်နဝါရီ ၁၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၌ ဇန်နဝါရီ၁၂ရက်တွင် ထောင်ပေါင်းများစွာသော ပြည်သူများက တောင်းဆိုလိုလားချက်များ ဖြည့်ဆည်းမပေး၍ ချီတက်ဆန္ဒပြခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ဆန္ဒပြပြည်သူများအား ဇန်နဝါရီ ၁၂ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ရဲတပ်ဖွဲ့ဝင်များက ဆန္ဒပြသူ ၁၀၀၀၀ခန့်အား ဝန်းရံပိတ်ဆို့ထား၍ မော်တော်ယာဉ်သွားလာမှုများပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့ကြောင်း ထိပ်တန်းရဲအရာရှိ အန်ဝါဟော့စ်စိန်က ပြောကြားသည်။

အာဏာလွှဲပြောင်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပြီးခဲ့သည့်နှစ် ဇန်နဝါရီလက ကြားဖြတ်အစိုးရအဖွဲ့ အာဏာလွှဲပြောင်းရယူခဲ့သည်။

ထုတ်ပြန်ကြေညာ

ယင်းကဲ့သို့ ကြားဖြတ်အစိုးရက နိုင်ငံတော်အာဏာလွှဲပြောင်းရယူခဲ့ခြင်းမှာ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ဖြစ်သည်။ ကြားဖြတ် အစိုးရက နိုင်ငံကို အရေးပေါ်အခြေအနေ တစ်ရပ် ထုတ်ပြန်ကြေညာခဲ့ရသည်။

အမ်အင်န်အေ၊ ရိုက်တာ

သတင်းထောက်အား ပြည်နှင်ဒဏ်ပေးသည်ဟုစွပ်စွဲချက် မဟုတ်မမှန်ကြောင်း ပါကစ္စတန်အစိုးရ ငြင်းဆို

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၃

အာဖဂန်နစ္စတန်နယ်စပ်ရှိ ဘလူချီစတန်ပြည်နယ်သို့ အလည်အပတ်ရောက်ရှိခဲ့ကာ တာလီဘန်ခေါင်းဆောင်များအား လူတွေ့မေးမြန်းခဲ့သော နယူးယောက်တိုင်းမ်မဂ္ဂဇင်း သတင်းထောက်တစ်ဦးကို ပါကစ္စတန်က ပြည်နှင်ဒဏ်ပေးခဲ့သည်ဟူသော ပြည်သူ့အကျိုးပြုစောင့်ကြည့်ရေး မီဒီယာအဖွဲ့က ပြောကြားချက်အပေါ် ပါကစ္စတန်အစိုးရမှ ငြင်းဆိုခဲ့သည်။

ပြောကြား

အဆိုပါသတင်းထောက်သည် ပြည်နှင်ဒဏ်အပေးခံရခြင်းမဟုတ်ဘဲ သူ၏သဘောဆန္ဒအလျောက် တိုင်းပြည်မှ ထွက်သွားခြင်းသာဖြစ်ကြောင်း အစိုးရက ပြောကြားခဲ့သည်။

သတင်းထုတ်ပြန်

ပြီးခဲ့သည့်သီတင်းပတ်အကုန်က အထက်ပါမဂ္ဂဇင်းတွင် တာလီဘန်ခေါင်းဆောင်အကြောင်း သတင်းရေးသားခဲ့သူ သတင်းထောက်နီကိုလတ်စ်ရှမိုက်ဒယ်လ်ကို ဇန်နဝါရီ ၁၁ရက်က ပြည်နှင်ဒဏ်ပေးခဲ့ကြောင်း သတင်းစာဆရာများအား အကာအကွယ်ပေးရေးကော်မတီ(စီပီဂျေ)က သတင်းထုတ်ပြန်သည်။

အမ်အင်န်အေ၊ရိုက်တာ

ထိုင်းတောင်ပိုင်း၌ အရာရှိတစ်ဦး ပစ်သတ်ခံရ

ဗန်ကောက် ဇန်နဝါရီ ၁၃

တည်ငြိမ်မှုမရှိသော ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဇန်နဝါရီ၁၂ရက်က သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် ထိုင်းအစိုးရ အရာရှိတစ်ဦး သေဆုံးသွားသည်ဟု ထိုင်းမီဒီယာများက ဖော်ပြသည်။

ပစ်ခတ်

အခင်းဖြစ်ပွားမှုမှာ နာရာသီဝပ်ပြည်နယ် ရှုဆိုခရိုင်တွင် မော်တော်ယာဉ်တစ်စီးပေါ်မှ သေနတ်ဖြင့် ပစ်ခတ်သွားသဖြင့် ထိုင်းအုပ်ချုပ်ရေး အရာရှိတစ်ဦးဖြစ်သူ အဘူလ်တိုရိ သေဆုံးခဲ့ခြင်းဖြစ်သည်။

သေဆုံး

ထိုင်းနိုင်ငံတောင်ပိုင်း ပြည်နယ်သုံးခုဖြစ်သည့် နာရာသီဝပ်၊ ယာလာနှင့် ပတ္တာနီပြည်နယ်များတွင် အကြမ်းဖက် တိုက်ခိုက်မှုကြောင့် ၂၀၀၄ခုနှစ်မှ စတင်ကာ ပြည်သူ ၂၈၀၀ကျော် သေဆုံးခဲ့ရပြီးဖြစ်သည်။ အင်န်အင်အေ၊ဆင်ဟွာ

သီရိလင်္ကာ၌သူပုန်များအား အရှိန်မြှင့်တိုက်ခိုက်

ကိုလံဘို ဇန်နဝါရီ ၁၃

သီရိလင်္ကာနိုင်ငံ၌ အစိုးရတပ်များနှင့် တမီးလ်ကျားသူပုန်တို့တိုက်ပွဲဖြစ်ပွားခဲ့ရာ သူပုန်၅၉ဦးသေဆုံးပြီး အစိုးရတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသွားကြောင်း သီရိလင်္ကာစစ်ဘက်ဆိုင်ရာက ပြောကြားသည်ကို ဇန်နဝါရီ၁၂ ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

သီရိလင်္ကာတပ်ဖွဲ့ဝင်

လုံခြုံရေး ကင်းစောင့်နေသော သီရိလင်္ကာတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

တုံ့ပြန်ပြောကြား

သို့ရာတွင် အဆိုပါသေဆုံးသည် ဆိုသော တမီးလ်ကျားသူပုန် အရေအတွက်မှာ မှန်ကန်မှုမရှိကြောင်း တမီးလ်ကျားသူပုန်အဖွဲ့က တုံ့ပြန်ပြောကြားသည်။

တိုက်ခိုက်

တမီးလ်ကျားသူပုန်များသည် လူမျိုးစုလွတ်မြောက်မှုအတွက် တိုက်ပွဲဝင်နေခြင်းဖြစ်သည်။ အစိုးရနှင့် သူပုန်တို့ ၂၀၀၂ခုနှစ် ဇန်နဝါရီ ၁၆ရက်တွင် အပစ် အခတ်ရပ်စဲရန် သဘောတူညီထားကြသည်။ သို့ရာတွင် အစိုးရက ယင်းစာချုပ်ကို ပယ်ဖျက်ကာ အရှိန်မြှင့်တိုက်ခိုက်လာသည်။

စစ်ပွဲအရှိန်မြှင့်

ဇန်နဝါရီ ၁၁ရက်က အစိုးရတပ်များနှင့် တမီးလ်ကျားသူပုန်တို့သည် သူပုန်များတပ်စွဲထားသည့် မြောက်ပိုင်းစစ်မျက်နှာတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်။

(အင်တာနက်)

နိုင်ငံတကာသတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ဘုရှ်သည် အကြီးမားဆုံးသော အကြမ်းဖက်သမားဖြစ်

ဟားမတ်စ်အုပ်စုအမတ် ပြစ်တင်ဝေဖန်

ဂါဇာ ဇန်နဝါရီ ၁၃

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် အလည်အပတ်ရောက်ရှိနေသော အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်တို့ သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားခဲ့သည့် မှတ်ချက်များကို ဟားမတ်စ်အုပ်စုအမတ်က ဝေဖန်ပြစ်တင် ပြောကြားလိုက်သည်။

နေ့စဉ်သေဆုံး

အစ္စရေးကျူးကျော်သိမ်းပိုက်ရေးတပ်များ ဂါဇာအခြေစိုက်နေထိုင်သူများအား တိုက်ခိုက်နေ၍ နေ့စဉ်သေဆုံးနေရကြောင်း ဟားမတ်စ်အုပ်စုအမတ် ယာဟီယာမော့စ်ဆာက သတင်းထောက်များအား ပြောကြားလိုက်သည်။

တိုက်ခိုက်

နိုဝင်ဘာလတွင် အမေရိကန်နိုင်ငံက ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်စရန် အစ္စရေးနှင့်ပါလက်စတိုင်းတို့အား ညှိနှိုင်းပေးခဲ့ပြီးနောက် အစ္စရေးတပ်များက ဟားမတ်စ်တို့ အုပ်ချုပ်သော ဂါဇာကမ်းမြောင်ဒေသကို စစ်ရေးအရ အရှိန်မြှင့် တိုက်ခိုက်လာသည်။

သေဆုံးခဲ့

ထိုအချိန်မှစ၍ ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းပြည်သူ ၅၀ ကျော် သေဆုံးခဲ့ရသည်။

အကြီးမားဆုံးရန်သူဖြစ်

ဘုရှ်သည် ဇန်နဝါရီ ၁၀ရက်နံနက်ပိုင်းက အဘတ်စ်နှင့်ဆွေးနွေးရန် အနောက်ဘက်ကမ်းရှိ ရာမာလာမြို့သို့ ရောက်ရှိလာသည်။ ဘုရှ်သည် အကြီးမားဆုံးသော အကြမ်းဖက်သမားဖြစ်ကြောင်း ဟားမတ်စ်အုပ်စုအမတ်မော့စ်ဆာက ဝေဖန် ပြစ်တင်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားသည်ကို ဇန်နဝါရီ ၁၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နိုင်ဂျီးရီးယား ရေနံတင်သင်္ဘောခြောက်စင်း တိုက်ခိုက်ခံရ

လေဂို့စ် ဇန်နဝါရီ ၁၃

နိုင်ဂျီးရီးယားနိုင်ငံရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ အများဆုံးထွက်ရှိရာ ဘွန်နီကျွန်းသို့ ဦးတည်မောင်းနှင်လာသည့် ရေနံတင်သင်္ဘောခြောက်စင်းကို ရေလက်ကြားတစ်နေရာ၌ ဇန်နဝါရီ ၉ရက်တွင် သေနတ်သမားများက တိုက်ခိုက်ခဲ့ကြောင်း ရေနံကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဒဏ်ရာရရှိ

ယင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူနှစ်ဦးအနက် တစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း၊ သို့သော် သင်္ဘောများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း၊ ဘွန်နီကျွန်းရှိ ရေနံထွက်ရှိမှုသည် တစ်နေ့လျှင် ရေနံစည်ပေါင်း ၄၀၀၀၀၀ ခန့် ထုတ်လုပ်နိုင်ပြီး သဘာဝဓာတ်ငွေ့ထွက်ရှိမှု ပမာဏမှာ တစ်နှစ်လျှင် တန်ချိန် ၁၈သန်း ထွက်ရှိကြောင်း သိရသည်။

ပူးပေါင်းဆောင်ရွက်

အဆိုပါလုပ်ငန်းကို နိုင်ဂျီးရီးယားနိုင်ငံ ရေနံကုမ္ပဏီများနှင့် ပြည်ပနိုင်ငံခြားသားများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

ဝါရှင်တန်၌ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြ

ဂွမ်တာနာမိုအကျဉ်းစခန်းပိတ်သိမ်းရန် တောင်းဆို

ဝါရှင်တန် ဇန်နဝါရီ ၁၃

ကျူးဘားနိုင်ငံရှိ ဂွမ်တာနာမို အကျဉ်းစခန်းကိုပိတ်သိမ်းရန် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြသူ၈၀ဦးအား ဝါရှင်တန်ရှိ အမေရိကန်တရားရုံးချုပ်အတွင်းနှင့် အပြင်ဘက်တို့၌ ဇန်နဝါရီ ၁၁ရက်က ဖမ်းဆီးခဲ့သည်။

ကြွေးကြော်ဆန္ဒပြ

အကျဉ်းသားဝတ်စုံဝတ်ဆင်ထားသော ဆန္ဒပြသူ ၂၀၀ခန့်သည် ဇန်နဝါရီ ၁၁ရက်က လွှတ်တော်မှ အနီးရှိတရားရုံးချုပ် အဆောက်အအုံသို့ ချီတက်ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြသူများက အကြမ်းဖက်သူအဖြစ် မသင်္ကာသူများအား အမေရိကန်စစ်ဘက်က ဖမ်းဆီးအကျဉ်းချထားသော ဂွမ်တာနာမို အကျဉ်းစခန်းကိုပိတ်သိမ်းရန် ကြွေးကြော်ခဲ့ကြသည်။

ဖမ်းဆီးမှုများပြုလုပ်

ဆန္ဒပြသူအချို့သည် တရားရုံးချုပ် အဆောက်အအုံအတွင်း ဝင်ရောက်ကာ ဂွမ်တာနာမို အကျဉ်းစခန်းပိတ်သိမ်းရန် တောင်းဆိုခဲ့ကြသည်။ ရဲတပ်ဖွဲ့ဝင်များက မည်သည့်တရားရုံးမဆို ကျူးကျော်ဝင်ရောက်ဆန္ဒပြသူများအား တားမြစ်ရမည်ဆိုကာ ဖမ်းဆီးမှုများ ပြုလုပ်ခဲ့သည်။

လက်မှတ်ရေးထိုး

အဆိုပါ အကျဉ်းစခန်းကို ပိတ်သိမ်းရန် ကမ္ဘာတစ်ဝန်းမှ ပါလီမန် ၁၁၀၀က လက်မှတ်ရေးထိုးကာ အိမ်ဖြူတော်သို့ ပေးပို့ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံသား ၁၀၀၀၀၀ ကလည်း လက်မှတ်ရေးထိုးပြီး ပေးပို့ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ဂွမ်တာနာမိုအကျဉ်းစခန်းရှိ အကျဉ်းသားများကို လွှတ်ပေးနေသော်လည်း ၂၇၅ဦးကျန်ရှိနေသေးကြောင်း အမေရိကန် ကာကွယ်ရေးဦးစီးဌာနက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပေကျင်းစာအုပ်ပွဲတော်

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ၂၀၀၈ခုနှစ် နိုင်ငံတကာစာအုပ်ပွဲတော်ကို ဇန်နဝါရီ ၁၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)



အမေရိကန်၏ ဒုံးခွင်းဒုံး တပ်ဆင်ချထားရေးကိစ္စ ရုရှားနှင့်ပိုလန် ပထမဆုံးအကြိမ် တိုက်ရိုက်ဆွေးနွေး

ဝါဆော ဇန်နဝါရီ ၁၃

ပိုလန်နှင့်ရုရှားနိုင်ငံတို့သည် ဥရောပအရှေ့ပိုင်း၌ ဒုံးပျံကာကွယ်ရေးစနစ် ကွန်ရက်ချထားရန် အမေရိကန်နိုင်ငံက တင်ပြလာမှုအပေါ် ဇန်နဝါရီ ၁၀ရက်က ပထမဆုံးအကြိမ် တိုက်ရိုက်ဆွေးနွေးခဲ့ကြသည်။

ပိုလန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ပီတိုးဇက်ဇီဇီကော့စကီးနှင့် ရုရှား ဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဆာဂျီကစ်စလီရပ်တို့သည် ဝါဆောမြို့၌ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တင်ပြ

အဆိုပါ ပိုလန်-ရုရှားဆွေးနွေးပွဲသည် ပိုလန်တွင် ဒုံးခွင်းဒုံးတပ်ဆင်ထားရှိရန် အမေရိကန်၏အစီအစဉ်အပေါ် သုံးသပ်ဆွေးနွေးခဲ့ကြပြီး ရုရှားဝန်ကြီးက ထိုကိစ္စသည် စွန့်စားလုပ်ဆောင်ရမည့် ကိစ္စဖြစ်ကြောင်း ပိုလန်နိုင်ငံဘက်မှ ရှုမြင်သုံးသပ်တင်ပြခဲ့သည်။

တပ်ဆင်

အမေရိကန်က အီရန်နှင့်အခြားနိုင်ငံများမှပစ်ခတ်သော ဒုံးကျည်များကို ကာကွယ်သွားရန် ပိုလန်၌ ဒုံးခွင်းဒုံး၁၀ခုထားရှိပြီး ချက်သမ္မတနိုင်ငံတွင် ရေဒါစခန်းတစ်ခု တပ်ဆင်ထားရှိသွားရန် လိုလားလျက်ရှိသည်။

ငြင်းဆို

ရုရှားနိုင်ငံက ထိုကိစ္စကို ရုရှားနိုင်ငံ၏လုံခြုံရေးကို ထိပါးလာမည်စိုး၍ ငြင်းဆိုထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ကုန်တိုက်အဆောက်အအုံအတွင်း ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၁၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဗီယက်နမ်၌ ရေနံတွင်းသစ် တူးဖော်တွေ့ရှိ

ဟနွိုင်း ဇန်နဝါရီ ၁၃

ဗီယက်နမ်နိုင်ငံ အရှေ့တောင်ပိုင်း ဘာရီယာဗွန်တုပြည်နယ် နမ်ရောင်ဒွိုင်မွိုင်ရေနံလုပ်ကွက်၌ ရေနံတွင်းသစ် တူးဖော်တွေ့ရှိခဲ့ကြောင်း၊ ၂၀၁၀ပြည့်နှစ်တွင် ၎င်းရေနံတွင်းမှ တစ်နေ့လျှင် ရေနံစည်ပေါင်း ၁၅၀၀၀ထုတ်လုပ်နိုင်ရန် မျှော်လင့်ထားရှိကြောင်း ပက်ထရို ဗီယက်နမ်မှ တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၉ရက်တွင် ပြောကြားသည်။

ထွက်ရှိ

အဆိုပါ ရေနံတွင်းတူးဖော်ရာ၌ ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု ၅၀ရာခိုင်နှုန်းပါဝင်ပြီး စမ်းသပ်တူးဖော်မှုအရ တစ်နေ့လျှင် ရေနံစည်ပေါင်း ၄၁၅၀ ထွက်ရှိနေကြောင်း သိရသည်။ (အင်တာနက်)

ထိုင်းရွေးကောက်ပွဲ၌ အနိုင်ရအမတ်များ မဲလိမ်ခဲ့ မဲလိမ်ခဲ့သည့် တိုင်စာများအီးစီလက်ခံရရှိထား ထိုင်းအရှေ့မြောက်ပိုင်းမှစပြီး စစ်ဆေးမှုပြုလုပ်မည်

ဗန်ကောက် ဇန်နဝါရီ ၁၃

မကြာမီကကျင်းပခဲ့သော ထိုင်းရွေးကောက်ပွဲတွင် ရွေးချယ်ခြင်းခံရသည့်အမတ်များအနေဖြင့် မဲလိမ်ခဲ့မှု ရှိ၊ မရှိစစ်ဆေးမှုများကို ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်းပြည်နယ်များ၌ ဇန်နဝါရီ၁၂ရက်မှ စတင်ကာ ထိုင်းရွေးကောက်ပွဲကော်မရှင်က စတင်စစ်ဆေးနေပြီဖြစ်သည်။

ထိုင်းရွေးကောက်ပွဲ ကော်မရှင် (အီးစီ)အနေဖြင့် ယခုရက်ပိုင်းအတွင်း မဲလိမ်ခဲ့သည့်အမတ်များကို စစ်ဆေး တွေ့ရှိခဲ့ရပြီးနောက် ယခုကဲ့သို့ နယ်မြေအလိုက် မဲလိမ်မှုရှိ၊ မရှိ စစ်ဆေးရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုင်းရွေးကောက်ပွဲကို ပြီးခဲ့သည့် ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၃ရက်က ပြုလုပ်ခဲ့ရာ အရွေးခံရသော အမတ်များ ၇၀ရာခိုင်နှုန်းခန့်သာ သန့်ရှင်းစွာ အရွေးခံခဲ့ရခြင်း ဖြစ်သည်ဟု ထိုင်းရွေးကောက်ပွဲကော်မရှင်က ခန့်မှန်းထားသည်။

စစ်ဆေးတွေ့ရှိ

ထိုင်းရွေးကောက်ပွဲတွင် အမတ် ၂၃၃နေရာ အရွေးခံခဲ့ရသည့် ထိုင်းပြည်သူ့အာဏာပါတီ(ပီပီပီ)မှ အမတ်သုံးဦးတို့ ရွေးကောက်ပွဲ၌ အနိုင်ရရန် မဲလိမ်ခဲ့ကြကြောင်း ထိုင်းရွေးကောက်ပွဲကော်မရှင်က စစ်ဆေးတွေ့ရှိခဲ့သည်။

လက်ခံထားရှိ

ယခုအခါ ပီပီပီပါတီမှ မဲလိမ်ခဲ့သည့်အမတ်များနှင့် ပတ်သက်သည့် တိုင်စာအများအပြား လက်ခံရရှိထားရာ ထိုင်းရွေးကောက်ပွဲ ကော်မရှင်များက စစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်သည်။

(အင်တာနက်)

ထိုင်းရွေးကောက်ပွဲတွင် မဲလိမ်မှုများ ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်နေသည်ကို တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကန်ရေတပ်သင်္ဘောများအနီးသို့ မောင်းနှင်ခဲ့မှု ခြိမ်းခြောက်သည်ဆိုသောစွပ်စွဲချက် အီရန်ငြင်းဆို

ဝါရှင်တန် ဇန်နဝါရီ ၁၃

ပင်လယ်ကွေ့ဒေသရှိ အမေရိကန်ရေတပ်နှင့် အီရန်ရေတပ်များအကြား တင်းမာမှု တွေ့ကြုံနေရခြင်းမှာ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်ရာရောက်ကြောင်း၊ အမေရိကန်က လက်တုံ့ပြန်ရန် အသင့်ရှိကြောင်း အမေရိကန်စစ်ဘက်ထိပ်တန်း အရာရှိတစ်ဦးက ဇန်နဝါရီ ၁၁ရက်၌ ပြောကြားခဲ့သည်။

ယင်းခြိမ်းခြောက်မှုသည် ပစ်ခတ်မှုများ ဖြစ်ပွားလာနိုင်ကြောင်း၊ အကယ်၍ အီရန်တို့၏ ခြိမ်းခြောက်လာပါကလည်း မိမိတို့အနေဖြင့် အဆင်သင့်ဖြစ်နေကြောင်း အမေရိကန် စစ်ဘက်အရာရှိများက သတင်းထောက်များအား ပြောကြားသည်။

အင်အားသုံး

မိမိတို့၏အသက်အိုးအိမ်စည်းစိမ်များနှင့်ရေတပ်သင်္ဘောများကိုကာကွယ်ရမည်ဖြစ်ကြောင်း၊လိုအပ်ပါကအင်အားသုံး တိုက်ခိုက်ရလိမ့်မည်ဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်၌ မူလန်က ထုတ်ဖော်ပြောကြားခဲ့သည်။

ခြိမ်းခြောက်

အမေရိကန်တို့၏အဆိုအရ အီရန် စပိဘုတ်ငါးစင်းသည် ဒီဇင်ဘာ၁၃ရက်က ဟော်မုဇ်ရေလက်ကြားရှိ အမေရိကန်ရေတပ်သင်္ဘောသုံးစင်း အနီးသို့ ရန်စမောင်းလာခဲ့ပြီး အမေရိကန်ရေတပ်သင်္ဘောများကလည်း ဖောက်ခွဲမှုပြုလုပ်မည်ဟူသော ခြိမ်းခြောက်သတင်းကို ဆက်သွယ်ရေးစက်မှ ရရှိထားခဲ့ကြောင်း ဆိုသည်။

ပယ်ချ

အမေရိကန်တို့အနေဖြင့် ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ လုပ်ရိုးလုပ်စဉ်အတိုင်း တိုင်တန်းထားခဲ့သည်။ အီရန်ရေတပ်မှ တာဝန်ရှိသူများက ၎င်းတို့အနေဖြင့် အမေရိကန်စစ်ရေယာဉ်များ ဟုတ်မဟုတ်ကို ဖော်ထုတ်ခြင်းသာဖြစ်ကြောင်း ပြောကြားပြီး အမေရိကန်တို့၏စွပ်စွဲချက်ကို ပယ်ချခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

ပြည်ပရေနံအပေါ် အမေရိကန်မှီခိုမှုလျှော့ချရေးနှင့် စွမ်းအင်အလုံအလောက်ရရှိရေး ဆောင်ရွက်ရန် ဒီမိုကရက်နှင့် ရီပတ်ဘလစ်ကင်ပါတီဝင်တို့ ချပြမဲဆွယ်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၃

အမေရိကန်နိုင်ငံအနေဖြင့် လေထုညစ်ညမ်းမှုမရှိသည့် လောင်စာအရင်းအမြစ်များ အသုံးပြုရေးနှင့်တကွ နေအိမ်နှင့် အဆောက်အအုံများ စွမ်းအင်အလုံအလောက် ပိုမိုပေးနိုင်အောင်ဆောင်ရွက်ရေးတွင် ဂျာမနီနိုင်ငံ၏ဦးဆောင်မှုကို လိုက်သင့်သည်ဟု ဒီမိုကရက်တစ်ပါတီမှ အမေရိကန်သမ္မတဖြစ်လာရန် မျှော်မှန်းထားသူ ဟီလာရီကလင်တန်က လော့စ်အိန်ဂျလိစ်မှ ထောက်ခံသူပရိသတ်အား ဇန်နဝါရီ၁၁ရက်က ဆွယ်တရားပြောကြားလိုက်သည်။

ပြည်ပရေနံမှီခိုမှု

သမ္မတကတော်ဟောင်းနှင့် နယူးယောက် အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်က ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးနှင့် အမေရိကန်နိုင်ငံအနေဖြင့် နိုင်ငံခြားရေနံအပေါ် မှီခိုမှုလျှော့ချရေးတို့ကို အဓိကအကြောင်းအရာအဖြစ် ထားရှိသည်။

အောင်မြင်နိုင်

နေရောင်ခြည် စွမ်းအင်၊ လေစွမ်းအင်ကဲ့သို့သော အစားထိုးစွမ်းအင်နည်းပညာတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ရည်မှန်းချက် နှစ်ရပ်စလုံးကို တစ်ပြိုင်တည်း အောင်မြင်နိုင်သည်ဆို၏။

မှီနိုင်

အစားထိုးစွမ်းအင်အသုံးချရေးတွင် အမေရိကန်နိုင်ငံမှာ အခြားနိုင်ငံများနောက်သို့ရောက်နေကြောင်း၊ သို့သော် ယင်းမှာ ပြဿနာမဟုတ်ကြောင်း၊ မိမိတို့ တစိုက်မတ်မတ်လုပ်ဆောင်လျှင် ထိုနိုင်ငံများကို အမြန်မီနိုင်ကြောင်း ဟီလာရီကလင်တန်က ပြောဆိုသည်။

ရီပတ်ဘလီကင်ပါတီ

အလားတူပင် ဇန်နဝါရီ ၁၅ ရက် မစ်ချီဂန်အကြိုရွေးကောက်ပွဲမတိုင်မီ ရီပတ်ဘလီကင်ပါတီမှ ယှဉ်ပြိုင်မည့် မစ်ရွှန်နေး၊ ဂျွန်မက်ကိန်းနှင့် မိုက်ဟပ်ကာဘီးတို့သည်လည်း စနေနေ့က မဲဆွယ်ဟောပြောကြသည်။

မဲဆွယ်ပြောဆို

မစ်ရွှန်နေးနှင့် ဂျွန်မက်ကိန်းတို့က မစ်ချီဂန်မှ မော်တော်ကားလုပ်ငန်းအောင်မြင်ရေးကို ဦးစားပေး မဲဆွယ်ပြောဆိုကြသည်။

သန္ဓေဖျက်မှုဆန့်ကျင်

မိုက်ဟပ်ကာဘီးကမူ သန္ဓေဖျက်ချမှုဆန့်ကျင်ရေးနှင့်လိင်တူချင်းလက်ထပ်မှုဆန့်ကျင်ရေးတို့ကို ဟောပြောမဲဆွယ်စည်းရုံးနေသည်။ **(အင်တာနက်)**

နိုင်ငံတကာမှုခင်းသတင်း

အမှောင်ကမ္ဘာတွင် မင်းမူခဲ့သော်လည်း

ဘိုဂိုတာမြို့သည် ကိုလံဘီယာနိုင်ငံ၏ မြို့တော်ဖြစ်ပြီး လူဦးရေငါးသန်းနီးပါးမျှနေထိုင်ရာ လူဦးရေသိပ်သည်းကာ အန်ဒီယန်ကုန်းပြင်မြင့်ပေါ်တွင် တည်ရှိသည်။ ကုန်းပြင်မြင့်ပေါ်တွင် တည်ရှိသည့် မြို့ဖြစ်သည့်အားလျော်စွာ သဘာဝပတ်ဝန်းကျင်ရှုခင်းများကို အပေါ်စီးမှ ကြည့်ရှုခံစားနိုင်သည်။

မှောင်ခိုရာဇာ ဂျို့စ်နယ်လ်ဆင် ယူ ရီ ဂို ကာ ဒီ နက်စ်အား ရဲအဖွဲ့က ဖမ်းဆီးစဉ်။
(အင်တာနက်ဓာတ်ပုံ)

သိုသိပ်

ဘိုဂိုတာမြို့တွင် ဂျို့စ်နယ်လ်ဆင်ယူရီဂိုကာဒီနက်စ်ဆိုသူတစ်ဦးရှိသည်။ သူသည် ဘိုဂိုတာမြို့တွင် လူချမ်းသာ စာရင်းဝင်တစ်ဦးဖြစ်ပြီး မြို့မျက်နှာဖုံး တစ်ဦးလည်းဖြစ်သည်။ ၎င်းအနေဖြင့် ပင်လယ်ရပ်ခြားကုန်ကူးသန်းရောင်း ဝယ်ရခြင်းကို နှစ်သက်သလို အကျိုးလည်းပေးသဖြင့် စီးပွားရေး ကောင်းမွန်လာကာ ငွေရေးကြေးရေး ပြည့်စုံပြီး မတောင့်မတ မကြောင့်မကြ နေထိုင်နိုင်လေသည်။ သူသည်ပင်လယ်ရပ်ခြား ကုန်ကူးသန်းရောင်းဝယ်ရေးကို လုပ်ကိုင်လာခဲ့သည်မှာ အသက် ၃၀ အရွယ် ကတည်းကဖြစ်သည်။ သူ့အသက် ၄၅ နှစ်အရွယ်အထိ လုပ်ငန်းတွင် ပြဿနာ ကြီးကြီးမားမား မပေါ်ခဲ့သလို သူ့လုပ်ငန်းကိုလည်း ပတ်ဝန်းကျင်မှ လူများမသိရှိစေရန် သိုသိပ်စွာလုပ်ကိုင်နိုင်ခဲ့သည်။

ပါဝင်ပတ်သက်

သို့ရာတွင် ၂၀၀၀ ပြည့်နှစ်တွင်မှ ဘိုဂိုတာမြို့ရှိ ဂိုဒေါင်တစ်ခုတွင် လျှို့ဝှက်ပြီး ပေ ၄၀ ရှိ ဧရိယာတိုင်ထောင်ကာ တရားမဝင် နက်ဝက်ခ်ချိတ်ဆက်မှု၊တာဝန်ရှိသူများက မရိပ်မိစေဘဲ ဘဏ်စာရင်းများကို လိမ်လည်ရယူကာ အမေရိကန်ဒေါ်လာ၁၂ သန်းတန် ကျွန်းကို အပိုင်ဝယ်ယူခဲ့မှု၊ ၁၉၉၀ ပြည့်နှစ်များက ကိုလံဘီယာတွင် မူးယစ်မှောင်ခိုမှုတို့ ပေါ်ပေါက်ခဲ့သည်။

ပါဝင်ပတ်သက်

ထို့အပြင် ၂၀၀၇ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် မက္ကဆီကို နိုင်ငံ ယူကက်တန်မြို့ အနီးတွင် လေယာဉ်ပျက်ကျပြီး ယင်းလေယာဉ်ပေါ်၌ ကိုကင်းများ တင်ဆောင်လာမှုတွင်လည်း ဂျို့စ်နယ်လ်ဆင် ပါဝင်ပတ်သက်ခဲ့သည်။

ဖော်ထုတ်နိုင်

ဂျို့စ်သည် ၁၉၉၀ ပြည့်နှစ်များက ပနားမားနိုင်ငံတွင် သက်ဆိုင်ရာတို့က မရိပ်မိအောင် သုံးနှစ်နီးပါး မူးယစ်ဆေးဝါးမှောင်ခိုမှု ပြုခဲ့ကြောင်း ဇန်နဝါရီ ၁၁ ရက်က ဖော်ထုတ်နိုင်ခဲ့သည်။

အသက် ၅၃ နှစ်အရွယ်ရှိ ဂျို့စ်ကို ၎င်းပိုင်ဆိုင်သည့် ပစိဖိတ်ကမ်းရိုးတန်းရှိ ချာပီယာကျွန်းရှိ ၎င်း၏နေအိမ်တွင် အသက် ၂၀ အရွယ်ရှိ အမျိုးသမီးမိတ်ဆွေနှင့်အတူ ဇန်နဝါရီ ၁၂ ရက်က ဖမ်းဆီးနိုင်ခဲ့သည်။

ဖမ်းဆီးရမိချိန်တွင် ဂျို့စ်သည် ကိုလံဘီယာ၏ မှောင်ခိုစီးပွားရေးအဖွဲ့များ၏ အကြီးအမှူးအဖြစ် ဆောင်ရွက်နေခဲ့သည်။

မရှောင်ကွင်းနိုင်

ဂျို့စ်အနေဖြင့် နိုင်ငံတကာမှ ဥပဒေဘက်တော်သားများကို လက်တစ်လုံးခြား လှည့်စားကာ အမှောင်ကမ္ဘာတွင် မင်းမူခဲ့သော်လည်း ဥပဒေစက်ကွင်းမှ လွတ်ကင်းအောင် မရှောင်ကွင်းနိုင်ခဲ့သည်ကား သင်ခန်းစာယူဖွယ်ဖြစ်ပါတော့သည်။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

ဇန်နဝါရီ ၁၃

ဘင်္ဂလားဒေ့ရှ်၌ ကမ္ဘာ့အကြီးဆုံးကုန်စည်ပြပွဲကျင်းပ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ တစ်လကြာကျင်းပလျက်ရှိသည့် ဒါကာနိုင်ငံတကာကုန်စည်ပြပွဲသည် ကမ္ဘာ့အကြီးဆုံး ကုန်စည်ပြပွဲတစ်ခုဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ပြောကြားသည်။

ဇန်နဝါရီ ၁ရက်မှ စတင်ကျင်းပနေသည့် ဒါကာနိုင်ငံတကာကုန်စည်ပြပွဲ၌ တရုတ်၊ ဂျပန်၊ ကနေဒါ၊ ဂျာမနီ၊ ဗြိတိန်နှင့် အမေရိကန်တို့အပြင် အခြားနိုင်ငံများမှ ကုမ္ပဏီအများအပြားတို့၏ ထုတ်ကုန်များ ခင်းကျင်းပြသထားသည်။

မြောက်နိုင်ငံဆွေးနွေးပွဲ ပြန်စရန် ရုရှားတိုက်တွန်း

ကိုရီးယားကျွန်းဆွယ် နျူကလီးယား ကင်းစင်ရေးအတွက် မြောက်ကိုရီးယားတို့အနေဖြင့် ခြောက်နိုင်ငံ ဆွေးနွေးပွဲကို ပြန်လည် စတင်သင့်ကြောင်း ရုရှား ဒုတိယနိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားလို့စ်လူကော့ဗ်က ပြောကြားလိုက်သည်။

မြောက်ကိုရီးယားတို့ နျူကလီးယားအစီအစဉ် စွန့်လွှတ်ရေး ခြောက်နိုင်ငံဆွေးနွေးပွဲ၌ ရုရှားက ပါဝင်ရန် အသင့်ရှိနေကြောင်း ၎င်းက တိုက်တွန်းပြောကြားသည်။

ဂျာမနီ၌ အကြမ်းဖက်တိုက်ခိုက်မည့်သတင်းကြောင့် စစ်ဆေးမှုများပြုလုပ်

ဂျာမနီနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မည့်သတင်းများ ရရှိထားသည့်အတွက် သံသယဖြစ်ဖွယ်နေရာများနှင့် လူများအား စစ်ဆေးမှုများ စတင်ပြုလုပ်လျက်ရှိကြောင်း ဂျာမန်အရာရှိများက ပြောကြားသည်။

ဂျာမနီနိုင်ငံ အနောက်မြောက်ပိုင်း ရိုစတော့ခ်မြို့၌ အကြမ်းဖက်တိုက်ခိုက်မှုသတင်းရရှိသဖြင့် ဂျာမန်လုံခြုံရေး တပ်ဖွဲ့ဝင်များက ကြပ်မတ်စစ်ဆေးမှုများ ပြုလုပ်နေလျက်ရှိသည်။

ကိုဆိုဗိုဒေသသို့ တပ်ဖွဲ့ဝင်များမလွှတ်ရန် ဆားဘီးယားဝန်ကြီးချုပ် ပြောကြား

ဥရောပသမဂ္ဂ(အီးယူ)အနေဖြင့် ကိုဆိုဗိုဒေသသို့ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းမပြုရန် ဆားဘီးယားဝန်ကြီးချုပ်က ဗိုဂျစ်လက်ဗ်ကိုစတူနီဆာက ပြောကြားလိုက်သည်။

ကိုဆိုဗိုဒေသသို့ တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းသည် တရားနည်းလမ်းမကျကြောင်း၊ နိုင်ငံတကာဥပဒေနှင့် မညီညွတ်ကြောင်း ၎င်းက ပြောကြားသည်။

စင်ကာပူအဲလိုင်းအတွက် စူပါဂျမ်ဘို လေယာဉ်ရောက်ရှိ

စင်ကာပူအဲလိုင်း (အက်စ်အိုင်အေ)အတွက် မှာယူထားသော စူပါဂျမ်ဘို အေ–၃၈၀ ခရီးသည်တင် လေယာဉ်ကြီး စင်ကာပူနိုင်ငံ ချန်ဂီ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသည်။

ဂျမ်ဘို အေ–၃၈၀ အမျိုးအစား လေယာဉ်သည် ကမ္ဘာ့အကြီးဆုံး ခရီးသည်တင်လေယာဉ်ကြီးဖြစ်ပြီး စင်ကာပူအဲလိုင်းက သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့နှင့် စင်ကာပူနိုင်ငံသို့ ပျံသန်းမည်ဖြစ်သည်။

ပညာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများ ရင်းနှီးမြှုပ်နှံမှု ဗီယက်နမ်တိုးမြှင့်မည်

ဗီယက်နမ်နိုင်ငံတွင် ပညာရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

ဗီယက်နမ်အစိုးရအနေဖြင့် ပညာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် အမေရိကန်ဒေါ်လာ သန်း၅၀ ရင်းနှီးမြှုပ်နှံသွားမည်ဟု ဗီယက်နမ် အရာရှိ များက ပြောကြားသည်။

တရုတ်နှင့်အင်ဂိုလာ ကုန်သွယ်ရေးတိုးမြှင့်

တရုတ်နိုင်ငံသည် အင်ဂိုလာနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုကို ၂၀၀၈ ခုနှစ်လယ်၌ သုံးရာခိုင်နှုန်းအထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အိုင်အေအီးအေနှင့် ပူးပေါင်းရန် အီရန်ဆုံးဖြတ်

အီရန်နိုင်ငံအနေဖြင့် နိုင်ငံတကာစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီရန်နျူကလီးယားစွမ်းအင်အဖွဲ့ ဒုတိယအကြီးအကဲ မိုဟာမက်ဆေ့ဒ်ဒီက ပြောကြားသည်။

အီရန်၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်သည့် ထူးခြားသော ခြေလှမ်းအသစ်များကို အိုင်အေအီးအေနှင့်အတူ ပူးတွဲဆောင်ရွက်သွားရန်ဆုံးဖြတ်လိုက်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တူရကီတပ်ဖွဲ့ဝင်များ အီရတ်နယ်စပ်၌ ပစ်ခတ်တိုက်ခိုက်

တူရကီနှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော အီရတ်နိုင်ငံနယ်စပ်ရှိ ရှီဖာနှင့် ဇာလေကျေးရွာများ၌ စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲခဲ့ကြောင်း အီရတ်အရာရှိများက ပြောကြားသည်။

တူရကီတပ်ဖွဲ့ဝင်များက နယ်စပ်ကိုဖြတ်ကျော်ပစ်ခတ် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း ၎င်းအရာရှိများက ဆက်လက်ပြောကြားသည်။

ထူးခြားဖြစ်စဉ်ကမ္ဘာတစ်ခွင်



- **တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ်တွင် ဇန်နဝါရီ ၁၃ရက်က ကျောက်မီးသွေးတွင်းတစ်တွင်း၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းလုပ်သားငါးဦး သေဆုံးခဲ့သည်။**
- မက်ဆီဒိုးနီးယားနိုင်ငံ စကော့ဂျီမြို့အနီး၌ ဇန်နဝါရီ ၁၂ရက်က စစ်ဘက်ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ ၁၁ဦး သေဆုံးခဲ့သည်။
- **အာကာသတွင် အလွန်ကြီးမားသည့် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ တိမ်တိုက်ကြီးတစ်ခုကို ဇန်နဝါရီ ၁၂ရက်က နာဆာအာကာသ သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ရာ ၎င်းဟိုက်ဒရိုဂျင်ဓာတ်ငွေ့ တိမ်တိုက်သည် ကမ္ဘာဂြိုဟ်မှ အလင်းနှစ်သန်း၄၀ခန့်၌ ရှိသည်။** (အောက်ပုံ)



- ကာဇက်စတန်နိုင်ငံ အလယ်ပိုင်းရှိ အဘိုင်စကာယာသတ္တု မိုင်းတွင်း၌ ဇန်နဝါရီ ၁၂ရက်က ဓာတ်ငွေ့ပေါက်ကွဲမှု ဖြစ်ပွားရာ မိုင်းလုပ်သားခုနစ်ဦး သေဆုံးခဲ့သည်။
- **ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဆင်ခြေဖုံးရှိ ပန်းဥယျာဉ်တစ်ခုအတွင်း ဇန်နဝါရီ ၁၂ရက်က ရေကူးကန်နံရံပြိုကျမှုကြောင့် ကလေးငယ် ၂၈ဦး ဒဏ်ရာရရှိခဲ့သည်။**
- နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်း ဟာကော့မြို့၌ ဇန်နဝါရီ ၁၂ရက်က သံချပ်ကာယာဉ်တစ်စီးနှင့် မော်တော်ယာဉ်တစ်စီးတိုက်မိခဲ့ရာ လေးဦး သေဆုံးခဲ့သည်။
- **မက္ကဆီကိုပင်လယ်ကွေ့၌ ဇန်နဝါရီ ၁၂ရက်က အင်အားပြင်းမုန်တိုင်း တိုက်ခိုက်ခဲ့ရာ အမြင့်ပေ ၂၀ရှိသော ရေလှိုင်းကြီးများဖြစ်ပေါ်ခဲ့သည်။**
- နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ မြောက်ဘက်မိုင် ၁၂၀ခန့်အကွာ ကျေးရွာတစ်ရွာတွင် ဇန်နဝါရီ ၁၂ရက်က မြေပြိုမှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး နေအိမ်နှစ်လုံး ပျက်စီးသွားသည်။

သမ္မတရွေးရန် (၁၂)ကြိမ် ရက်ရွှေ့ဆိုင်းလိုက်ရသည့် လက်ဘနွန်နိုင်ငံ

သတင်းအက်ဆေး | **တိုး – စုစည်းရေးသားသည်။**

အရှေ့အလယ်ပိုင်းဒေသ၌ နိုင်ငံရေးအရ အရှုပ်ထွေးဆုံးနှင့် ဘာသာရေးအရ စိတ်ဝမ်းအကွဲဆုံး နိုင်ငံကိုပြပါဆိုလျှင် လက်ဘနွန်နိုင်ငံကို ပြရမည်ဖြစ်သည်။ မတည်မငြိမ်ရှိသည့် အရှေ့အလယ်ပိုင်းတွင် လက်ဘနွန်သည် ပြဿနာတိုင်းလိုလို၌ ပါဝင်ပတ်သက်နေသည့် ပဲခူးဆားဟု ခေါ်နိုင်သည်။

ပထမကမ္ဘာစစ်ကြီးအပြီး ပြင်သစ်နိုင်ငံက လက်ဘနွန်နိုင်ငံကို စတင်ထူထောင်စဉ် တိုင်းသူပြည်သားအများစုမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်သည်။ ယခုအခါတွင်မူ လူဦးရေ၏ ၆၀ရာခိုင်နှုန်းက မွတ်စလင်များဖြစ်ပြီး ခရစ်ယာန်ဘာသာဝင်တို့က ၄၀ရာခိုင်နှုန်းသာ ရှိသည်။

ကြုံတွေ့နေရ

လက်ဘနွန်နိုင်ငံသည် အစ္စရေးနိုင်ငံနှင့်နီးစပ်ခြင်း၊ လက်ဘနွန်ပိုင်နက်နယ်မြေအတွင်းသို့ ပါလက်စတိုင်းဒုက္ခသည် အများအပြား ခိုလှုံရောက်ရှိခြင်းမှာ လက်ဘနွန်နိုင်ငံအဖို့ နိုင်ငံရေးကစားကွင်းသဖွယ် အမြဲလိုလိုကြုံတွေ့နေရသည်။

လက်ဘနွန် နိုင်ငံရေးကစားကွင်းတွင် ပြည်တွင်းအသင်းများ၏ ယှဉ်ပြိုင်ကစားမှုနှင့်ရော၊ ဒေသတွင်းပဋိပက္ခများမှ ပေါ်ပေါက်လာသည့် အသင်းများပါ လာရောက်ယှဉ်ပြိုင်နေကြခြင်းဖြစ်သည်။

၁၉၇၅ ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အထိ ပြည်တွင်းစစ်၊ ဒေသဆိုင်ရာစစ်တို့ဖြင့် ရှည်ကြာစွာ ပဋိပက္ခဖြစ်ပွားခဲ့သည်။ ယင်းနောက် လက်ဘနွန်မှာ ဆီးရီးယား၏ ဩဇာအောက်ရောက်ရှိသွားပြီး တောင်ပိုင်းကမ်းမြောင်ကို ကြားခံဇုန်အဖြစ် အစ္စရေးက သိမ်းပိုက်သည်။

ရင်ဆိုင်နေ

လက်ဘနွန် နိုင်ငံရေးကြောင့် အဆက်မပြတ်သည့် စစ်ပွဲများ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ရင်ဆိုင်နေရသည်။ အစ္စရေးနိုင်ငံက ၎င်း၏ မြောက်ပိုင်းနယ်စပ် ကာကွယ်ရေးအတွက် လက်ဘနွန်အရေးကို အကြိမ်ကြိမ် ဝင်စွက်ခဲ့သည်။

လက်ဘနွန် ပြည်တွင်းစစ်ကြောင့် အစ္စရေးကိုတိုက်ခိုက်ရန်နှင့် လက်ဘနွန်ရှီးယိုက်တို့ကို ထောက်ခံရန် အီရန်နိုင်ငံက ပါဝင်လာသည်။ ၁၉၈၂ခုနှစ်တွင် အီရန်က ဟစ်ဇ်ဘိုလာအဖွဲ့ကို ဖွဲ့စည်းထူထောင်ပေးသည်။ ဟစ်ဇ်ဘိုလာအဖွဲ့သည် လက်ဘနွန်နိုင်ငံရေးလောကတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လာပြီး အီရန်နှင့်ဆီးရီးယားတို့၏ အရေးပါသော မဟာမိတ်ဖြစ်လာသည်။

နိုင်ငံရေးဩဇာ

အစ္စရေးတပ်များ ကြားခံဇုန်မှ ၂၀၀၀ပြည့်နှစ်တွင် လည်းကောင်း၊ ဆီးရီးယားတပ်များ လက်ဘနွန်မှ ၂၀၀၅ခုနှစ်တွင်လည်းကောင်း ဆုတ်ခွာသွားသည်။ သို့သော်ဆီးရီးယားသည် လက်ဘနွန်တွင် စစ်တပ်မထားသည့်တိုင် နိုင်ငံရေးဩဇာ ရှိမြဲရှိနေသည်။

လက်ဘနွန်၌ ဆီးရီးယားတပ်များ ၂၉နှစ်ကြာ အခြေချခဲ့သည်။

အစ္စရေးစစ်သားနှစ်ဦးကို ဟစ်ဇ်ဘိုလာအဖွဲ့က ဖမ်းဆီးထိန်းသိမ်းလိုက်သဖြင့် လက်ဘနွန်မှာ တစ်လကြာ အစ္စရေး၏ ထိုးစစ်ဆင်ချေမှုန်းမှုကို မရှုမလှ ခံလိုက်ရသည်။

အစ္စရေးနှင့်ဟစ်ဇ်ဘိုလာတို့ အပစ်အခတ်ရပ်စဲမှုကိုထိန်းရန် ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ တိုးချဲ့ချထားရသည်။

ပဋိပက္ခ

၁၉၄၈ ခုနှစ်တွင် အစ္စရေးနိုင်ငံ ထူထောင်သည့်အခါ အိုးအိမ်စွန့်ခွာထွက်ပြေးကြသော ပါလက်စတိုင်းဒုက္ခသည်များအနက် ၃၅၀၀၀၀ ကျော်မှာ လက်ဘနွန်၌ ခိုလှုံရောက်ရှိနေသည်။ လက်ဘနွန်မြောက်ပိုင်းရှိ နာအယ်ဘာရက် ဒုက္ခသည်စခန်း၌ ပါလက်စတိုင်း ၃၀၀၀၀ နေထိုင်သည်။ ၎င်းတို့အနက် စစ်သွေးကြွများနှင့် လက်ဘနွန်တပ်ဖွဲ့ဝင်များ ၂၀၀၇ ခုနှစ်အတွင်းတွင် ပဋိပက္ခဖြစ်သည်။ လွန်ခဲ့သည့် ၁၇နှစ်က ပြီးဆုံးသွားသည့် ပြည်တွင်းစစ်နောက်ပိုင်း သွေးအစွန်းဆုံးဖြစ်ရပ်တစ်ခုဖြစ်သည်။

နိုင်ငံရေးပဋိပက္ခကြောင့် လုပ်ကြံသတ်ဖြတ်မှုများ ကြုံရသည်။ အထင်ရှားဆုံးမှာ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီက လက်ဘနွန်ဝန်ကြီးချုပ်ဟောင်း ရာဖစ်ဟာရီရီ လုပ်ကြံခံရခြင်းဖြစ်သည်။ ယင်းနောက် ၂၀၀၅ခုနှစ် ဒီဇင်ဘာလတွင် ဆီးရီးယား ဆန့်ကျင်ရေးသမား အမတ်ဂျီဘရန်တူနီ၊ ၂၀၀၆ခုနှစ် နိုဝင်ဘာလက စက်မှုဝန်ကြီး ဂါမာရယ်တို့ဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်း ဟာရီရီ လုပ်ကြံခံရမှုအတွက် နိုင်ငံတကာခုံရုံးဖွဲ့ စစ်ဆေးရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆုံးဖြတ်ဆောင်ရွက်ခဲ့သည်။

လက်ဘနွန် အာဏာခွဲဝေမှုစနစ်အရ သမ္မတသည် မာရိုနိုက် ခရစ်ယာန် ဘာသာဝင် ဖြစ်ရမည်။ ဝန်ကြီးချုပ်ရာထူးတွင် ဆွန်နီ မွတ်စလင်ဖြစ်ကာ ပါလီမန်ဥက္ကဋ္ဌရာထူး၌ ရှီးယိုက်မွတ်စလင် ဖြစ်ရသည်။

အကြံပြုချက်

လက်ဘနွန်သမ္မတ အီမိုင်းလာဘောက် နိုဝင်ဘာ ၂၃ရက်က သက်တမ်းကုန်၍ ရာထူးမှ နုတ်ထွက်ပြီး ကတည်းက လက်ဘနွန်နိုင်ငံ၌ ယခုအထိ ရာထူးဖြည့်စွက်၍ မရသေးပေ။ အာရပ်အဖွဲ့ချုပ်(အေအယ်လ်)က အဆင့်သုံးဆင့်ပါ အကြံပြုချက် ပေးထားသည်။

ရွှေ့ဆိုင်း

သမ္မတရာထူးတွင် ဗိုလ်ချုပ်ကြီး မိုက်ကယ်စူလေမန်ကိုပေးရန် နှစ်ဖက်ညှိ၍ရသော်လည်း အစိုးရ ဖွဲ့စည်းရေးတွင် သဘောမတူနိုင် သဖြင့် သမ္မတ ရွေးချယ်ရေးကို အကြိမ်ကြိမ် ရွှေ့ခဲ့ရသည်။ နောက်ဆုံး သောကြာနေ့က (၁၂)ကြိမ်မြောက် အဖြစ် ဇန်နဝါရီ ၂၁ရက်သို့ ရက်ရွှေ့ဆိုင်းလိုက်ရသည်။ ။

အမျိုးသားအကျိုးစီးပွားကို နှောင့်ယှက်ဖျက်ဆီးလာမည့် အဖျက်ရန်ဟူသမျှ တွန်းလှန် ပုံနှိပ်လောကသားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလုပ်ကိုင် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အဆောက်အအုံမင်္ဂလာခန်းမဓဉကျင်းပရာ ပုံနှိပ်သူများ၊ ထုတ်ဝေသူများမှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက် အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟို အဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏(၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တက်ရောက်

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ၊ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အမှုဆောင်များနှင့် အသင်းဝင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေး သဘာပတိ မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးမောင်မောင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ကူညီပံ့ပိုး

ထို့နောက် ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် စာပေလောက အဝန်းအဝိုင်းတွင် ပါဝင်သော ပုံနှိပ်နှင့် ထုတ်ဝေမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မူဝါဒများချမှတ်ထားရှိလျက် အစွမ်းကုန် ကူညီပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်းဝင်လုပ်ငန်းရှင်များအနေဖြင့် ပုံနှိပ်လုပ်ငန်းများခေတ်မီဖွံ့ဖြိုးအောင်ဆောင်ရွက်ရန်နှင့် ပုံနှိပ်လောကသားများ၏ အကျိုးစီးပွား၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

တွန်းလှန်ကာကွယ်

ပုံနှိပ်လုပ်ငန်းရှင်များ အနေဖြင့် မိမိတို့လုပ်ငန်းများကို အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံ၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရန်နှင့် အမျိုးသားအကျိုးစီးပွားကို နှောင့်ယှက်ဖျက်ဆီးလာမည့် အဖျက်ရန်ဟူသမျှ အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိ၊ အမျိုးသားရေး အကျိုးစီးပွားအပေါ် အခြေခံသည့်စိတ်ဓာတ်တို့ဖြင့် တွန်းလှန်ကာကွယ်သွားကြရန်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များက ပြည်သူလူထုနှင့်အတူ အမျိုးသားရေး စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် စည်းလုံးညီညွတ်စွာ ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အသင်းချုပ်နှင့် ညီနောင်အသင်းများ ဝိုင်းဝန်းပူးပေါင်းလျက် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကိုတင်ပြ၍ အတည်ပြုချက်ရယူခြင်း၊ အသင်းသားများ၏ အကြံပြုချက်များ၊ မေးမြန်းချက်များကို ဖြေကြားခြင်း၊ အမှုဆောင်ဟောင်းများ နှုတ်ထွက်ခြင်းနှင့် ၂၀၀၈–၂၀၀၉ ခုနှစ်သက်တမ်းအတွက် အမှုဆောင်အဖွဲ့ဝင်သစ်များ ရွေးချယ်မှု အခြေအနေကို တင်ပြခြင်းနှင့် ရွေးချယ်ခံရသော အမှုဆောင် အဖွဲ့ဝင်သစ် အမည်စာရင်းကို ဖတ်ကြားကြေညာခြင်းတို့ကို ဆောင်ရွက်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းသို့ အလှူရှင် ၁၅ ဦးတို့က အလှူငွေ စုစုပေါင်း ငွေကျပ် ၂၄ သိန်းကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်တို့က လက်ခံကြသည်။

ထို့နောက် အစည်းအဝေး သဘာပတိ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်က နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အစည်းအဝေးအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်း အမှုဆောင်အဖွဲ့ဝင်သစ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ရန်ပုံငွေဘောလုံးပွဲ ယှဉ်ပြိုင်ကစား

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းက သရုပ်ဆောင်အမျိုးသားအသင်းကို အနိုင်ရ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ
သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၃

(၄)ကြိမ်မြောက် အာဆီယံနိုင်ငံ အားကစားပြိုင်ပွဲရန်ပုံငွေအဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် ရုပ်ရှင်သရုပ်ဆောင် အမျိုးသားဘောလုံးအသင်းတို့ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယနေ့ညနေ ၄နာရီ၃၅မိနစ်က ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

သီဆိုဖျော်ဖြေ

ပြိုင်ပွဲမစမီ မွန်းလွဲ ၁နာရီက ဝဏ္ဏဦးဆောင်သော(ဂစ်တာ)အဖွဲ့နှင့်အတူ ဗီဒီယိုနှင့် ရုပ်ရှင်သရုပ်ဆောင်များက သီဆို ဖျော်ဖြေကြသည်။ နာမည်ကြီး အကယ်ဒမီဆုရှင်များဖြစ်သည့် ချိုပြုံး၊ ထွန်းထွန်းဝင်း၊ အောင်ခိုင်နှင့် သူထူးစံတို့က အဓိပ္ပာယ်ရှိသောလူသီချင်းဖြင့် သီဆိုကြသည်။ ထို့အပြင် ရုပ်ရှင်နှင့် ဗီဒီယို သရုပ်ဆောင် ရီဝေယံကလည်း ရှင်းပြခွင့်ပေးပါနှင့် အဆောင်သူ သီချင်းများဖြင့် ပရိသတ်ရင်ထဲကို လှုပ်ခတ်သွားအောင် သီဆိုဖျော်ဖြေခဲ့သလို ပြည့်စုံ၊ပွင့်နဒီမောင်နှင့် တင့်တင့်ထွန်း တို့ကလည်း အင်တိုက်အားတိုက်ဖြင့် ပရိသတ်ကို သီချင်းများဖြင့် မျှဝေခံစား သီဆိုဖျော်ဖြေသွားကြသည်။

သရုပ်ဆောင်ချစ်စနိုးဦးကလည်း ဤသို့အားပါးတရဖျော်ဖြေခဲ့သည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ မမတို့ယိမ်းအဖွဲ့ကလည်း ဤသို့တပျော်တပါးကပြဖျော်ဖြေစဉ်။

(မြန်မာ့အလင်း)

အားပါးတရ

ထို့အပြင် ခွန်းဆင့်နေခြည်၊ မိုးဇက်နှင့် သုန္ဒြေဦးအပါအဝင် အဆိုတော်များကလည်း အားပါးတရ ဖျော်ဖြေခဲ့ကြသည်။

ထို့နောက် ဘောလုံးပွဲ စတင်ယှဉ်ပြိုင်ကြရာ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအတွက် ပထမပိုင်း ၃၈မိနစ်တွင် မိုင်နီလာထွေးကလည်းကောင်း၊ ဒုတိယပိုင်း ၆၈မိနစ်တွင် မြင့်မြင့်အေးကလည်းကောင်း သွင်းယူသွားသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ရုပ်ရှင်အစည်းအရုံးဘောလုံးအသင်းသို့ ဘောလုံးများလှူဒါန်းစဉ်။

(မြန်မာ့အလင်း)

အချိတ်အဆက်မိမိ

ရုပ်ရှင်သရုပ်ဆောင် အမျိုးသားဘောလုံးအသင်းသည် ချေပဂိုးများ ရရှိရေး ကြိုးစားသော်လည်း အချိတ်အဆက်မိမိ ကစားနိုင်သော မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းဘက်သို့ ဂိုးရအောင် မသွင်းယူနိုင်ခဲ့ချေ။

ပွဲချိန်ပြည့်သည်အထိ ရုပ်ရှင်သရုပ်ဆောင် အမျိုးသား ဘောလုံးအသင်းက ချေပဂိုးမသွင်းနိုင်သလို မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းကလည်း ဂိုးထပ်မံ မသွင်းနိုင်ခဲ့သောကြောင့် နှစ်ဂိုး–ဂိုးမရှိဖြင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ။

(မြန်မာ့အလင်း)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပုံနှိပ်နှင့်ထုတ်ဝေမှုလုပ်ငန်းများ တိုးတက်စေမည့် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း

တွေ့ဆုံမေးမြန်းရေးသားသူ–မိုးမြင့်လင်းလက်၊ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၃

ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသည့် ကမ္ဘာ့နိုင်ငံများတွင် ကုန်ပစ္စည်း အမျိုးအစားအလိုက်၊ လုပ်ငန်းများအလိုက် ကုန်သည်အသင်းများကို ဖွဲ့စည်းကြသည်။ ထို့အတူ မြန်မာနိုင်ငံတွင်လည်း စီးပွားရေးလုပ်ငန်းရှင်များအား အသင်းအဖွဲ့များ ဖွဲ့စည်းပေးခဲ့ရာ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းလည်း အပါအဝင်ဖြစ်သည်။

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCIမင်္ဂလာခန်းမ၌ ဇန်နဝါရီ ၁၃ ရက်က ကျင်းပခဲ့သည်။

ဖွဲ့စည်းခဲ့

ထို့ကြောင့် မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းနှင့် ပတ်သက်၍ ဒုတိယဥက္ကဋ္ဌ ဖြစ်သူ ဦးခင်မောင်လေး (ဖိုးသောကြာ)နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းကို စတင်ဖွဲ့စည်းခဲ့မှုနှင့်ပတ်သက်၍မေးမြန်းရာ "ဒီအသင်းကို ၁၉၉၀ပြည့်နှစ် နိုဝင်ဘာ ၃၀ ရက်က စတင်ဖွဲ့စည်းတည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းဟာ သက်တမ်း၁၈ နှစ်ထဲ ရောက်ရှိနေပြီ ဖြစ်ပါတယ်"ဟု ဦးခင်မောင်လေးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

အသင်းသားဦးရေ

ဆက်လက်၍ လက်ရှိအချိန်၌ အသင်းဝင်အရေအတွက်နှင့် အသင်း၏ ရည်ရွယ်ချက်များကို မေးမြန်းရာ "အသင်းသား ဦးရေကတော့ ၃၀၀၀ ကျော်နေပါပြီ။ ဒါကလည်း ပြန်ကြားရေးဝန်ကြီးဌာနရဲ့ အထောက်အကူပေးမှုကြောင့် အသင်းသား ဦးရေ တိုးတက်များပြားလာခြင်းဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ပုံနှိပ်လုပ်ငန်းရှင်တွေ၊ ထုတ်ဝေသူတွေနဲ့ စက္ကူလုပ်ငန်းရှင်တွေ ပူးပေါင်းလုပ်ကိုင်နိုင်ရေး၊ ပုံနှိပ်စက်များနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖွံ့ဖြိုးခေတ်မီရေး၊ ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်ရေး၊ ပုံနှိပ်လုပ်ငန်းနည်းပညာများ ခေတ်မီရေး၊ အသင်းဝင်လုပ်ငန်းရှင်များနှင့် အစိုးရအကြား ပေါင်းကူး တံတားသဖွယ် ဆက်နွယ်ဆောင်ရွက်ပေးရေး စတဲ့ ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းထားတာပါ"ဟု ဦးခင်မောင်လေး (ဖိုးသောကြာ)က ပြောကြားသည်။

"အသင်းကို ၁၉၉၀ပြည့်နှစ်က စတင်ဖွဲ့စည်းတည်ထောင်ခဲ့တာပါ"

ဦးခင်မောင်လေး(ဖိုးသောကြာ) ဒုတိယဥက္ကဋ္ဌ

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်းသည် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ ညီနောင်အသင်းဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်လျက်ရှိသည်။

လှုပ်ရှားမှု

တစ်ဖန် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း၏ ဆောင်ရွက်မှုများကိုလည်း "ပုံနှိပ်ထုတ်ဝေသူတွေရဲ့ နှစ်စဉ်ပြုလုပ်ရတဲ့ မှတ်ပုံတင် သက်တမ်း တိုးမြှင့်ရေးအတွက် အသင်းသားတွေကိုထောက်ခံချက်တွေပေးတာ၊ ပုံနှိပ်လုပ်ငန်းများ အချင်းချင်း ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်ရေး ဆောင်ရွက်တဲ့လုပ်ငန်းနဲ့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းလှုပ်ရှားမှုတွေမှာ ပါဝင် ဆောင်ရွက်ပေးတာတွေကို ပြုလုပ်နေပါတယ်။ အသင်းဝင် ဦးရေ တိုးတက်အောင် ကြိုးစားဆောင်ရွက်ပေးနေပါတယ်"ဟု ဦးခင်မောင်လေး (ဖိုးသောကြာ)က ရှင်းပြသည်။

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ ညွှန်ပြချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲ

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ဦးဆောင်မှုကိုခံယူကာ ပြည်တွင်း ပြည်ပ ဆက်သွယ်မှုများ ပြုလုပ်ခြင်း၊ လုပ်ငန်းနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ နိုင်ငံတကာကုန်စည်ပြပွဲနှင့် သင်တန်းများတက်ရောက်နိုင်ရန် ပံ့ပိုးပေးခြင်း တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ပုံနှိပ်လုပ်ငန်းရှင်များ၊ ထုတ်ဝေသူများ၊ စက္ကူစာအုပ်လုပ်ငန်းများနှင့် ဆက်နွယ်သော ဖလင် ကာလာခွဲ၊ ဘလောက်၊ မိတ္တူကူးစက်နှင့် စာပေဖြန့်ချိရေးလုပ်ငန်း လုပ်ကိုင်နေသော မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအားလုံး အသင်းသားအဖြစ် ပါဝင်လျှောက်ထားနိုင်ကြကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်သို့ အသင်းအတွက် လုပ်ငန်းရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။ (မြန်မာ့အလင်း)

ပဉ္စမအကြိမ် အာဆီယံ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ၏ အစည်းအဝေးကို ရွှေနန်းတော်ဟိုတယ်၌ ကျင်းပစဉ်။

(သတင်းစဉ်)

* ကျောဖုံးမှ

တတိယအကြိမ်အာဆီယံနှင့် အာဆီယံ + ၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးကျင်းပရေး ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ မြန်မာနိုင်ငံအာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး အမျိုးသားကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ယဉ်ကျေးမှု လူငယ်ရေးရာနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး Hon Dato Seri Pahlawan Haji Awang Mohammad Bin Haji Daud၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး H.E Mr. Mounkeo ORABOUN၊ မလေးရှားနိုင်ငံ ယဉ်ကျေးမှုအနုပညာနှင့် အမွေအနှစ်များဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး YB Datuk Seri Utama Dr. Rais Yatim၊ စင်ကာပူ သမ္မတနိုင်ငံ ပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့် အနုပညာရေးရာ ဝန်ကြီးဌာန ဝန်ကြီး H.E. Dr. LEE Boon Yang၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Tran Chien THANG၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှု ဝန်ကြီးဌာန Assistant Minister, Mr. Ding Wei၊ အာဆီယံ အတွင်းရေးမှူးချုပ် Dr. Surin Pitsuwan အာဆီယံနှင့် အာဆီယံ+၃ နိုင်ငံများမှ ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံ အတွင်းရေးမှူးချုပ် Dr. Surin Pitsuwan က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဖွင့်လှစ်

ယင်းနောက် သဘာပတိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ အာဆီယံနှင့် အာဆီယံ + ၃ နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့သည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံနှင့် အာဆီယံ+၃ နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက အစည်းအဝေးအစီအစဉ်များကို အတည်ပြုကြပြီး လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြကာ အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

တင်ပြဆွေးနွေး

ဆက်လက်၍ တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+ ၃ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာဝန်ကြီးများအစည်းအဝေးကို ယနေ့တွင် ဆက်လက်ကျင်းပရာ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့က တတိယ အကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးနှင့် စပ်လျဉ်းသည့် ကြေညာချက်များကို တင်ပြဆွေးနွေးကြသည်။

ဆွေးနွေး

ထို့နောက် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးမှတင်ပြချက်များကို သုံးသပ်ဆွေးနွေးပြီး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ၂၀၀၆ ခုနှစ် ဇွန် ၂၈ရက်တွင် ကျင်းပခဲ့သော စတုတ္ထအကြိမ်မြောက် အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာအရာရှိကြီး၏ အစည်းအဝေးနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးကြကာ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် စတုတ္ထအကြိမ် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေး (AMCA)ကျင်းပမည့် အချိန်နှင့်နေရာကို သတ်မှတ်ကြပြီး မွန်းလွဲ ၁နာရီတွင် အစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

တည်ခင်းဧည့်ခံ

ဇန်နဝါရီ ၁၂ရက်ညပိုင်းတွင်ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က တတိယ အကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံနှင့် အာဆီယံ+၃ နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အဆင့်မြင့် အရာရှိကြီးများအား ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဇန်နဝါရီ၁၀ရက်တွင် ပဉ္စမအကြိမ် အာဆီယံ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေး (Fifth Meeting of The ASEAN Senior Officials on Culture and Arts) (SOMCA) ကိုလည်းကောင်း၊ ဇန်နဝါရီ ၁၁ရက်တွင် တတိယအကြိမ် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏အစည်းအဝေး(Third Meeting of the ASEAN+3 Senior Officials on Culture and Arts) (SOMCA+3) ကိုလည်းကောင်း ရွှေနန်းတော်ဟိုတယ်၌ ကျင်းပခဲ့သည်။

လေ့လာ

တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံနှင့် အာဆီယံ+၃နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အဆင့်မြင့် အရာရှိကြီးများသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား ပရဆေးဥယျာဉ်(National Herbal Park)သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နေပြည်တော်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဘူတာကြီးအထူးတန်းလက်မှတ်ရုံအနီး ပေါက်ကွဲမှုဖြစ်ပွား

နေပြည်တော် ဇန်နဝါရီ ၁၃

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းဘေး ဘူတာကြီးဝင်း အထူးတန်းလက်မှတ်ရုံ အနီးရှိ အများပြည်သူသုံး ရေချိုးခန်း/အိမ်သာနှင့် ဘူတာကြီးအုတ်တံတိုင်းခြံစည်းရိုးအကြား၌ ယနေ့မွန်းလွဲ၂နာရီ ၅မိနစ်ခန့်တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဒဏ်ရာရရှိ

ယင်းပေါက်ကွဲမှုကြောင့် အုတ်ရေကန်၌ရေချိုးနေသူ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း (၅)ရပ်ကွက် အမှတ်၄၉ (ရှစ်လွှာ)နေ ဒေါ်အေးမြင့်(၇၃)နှစ် (ဘ)ဦးအုန်းရွှေ၏ ဝဲ/ယာလက်ဖျံနှင့် ဝဲဘက်တင်ပါးတို့တွင် ဒဏ်ရာရရှိခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးလျက်ရှိသည်။

ပေါက်ကွဲမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ စုံစမ်းဖော်ထုတ်လျက်ရှိသည်။

သတင်းပေးပို့

ပြည်ပရှိ အဖွဲ့ကြီးတစ်ဖွဲ့၏အစီအစဉ်ဖြင့် အကြမ်းဖက်အဖျက်သမားများသည် ပြည်တွင်း၌အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များလုပ်ဆောင်ရန် နယ်စပ်မှတစ်ဆင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားများအား ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ စေလွှတ်လျက်ရှိကြောင်း သတင်းများ အဆက်မပြတ်ရရှိနေသည်။ သို့ဖြစ်၍ တာဝန်ရှိသူများက အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမားများနှင့် ဖောက်ခွဲရေးပစ္စည်းများကိုဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ကြိုးပမ်းလျက်ရှိသကဲ့သို့ အများပြည်သူတို့အနေဖြင့်လည်း မသင်္ကာဖွယ်တွေ့ရှိပါက အချိန်မီသတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဗိုလ်တထောင်မြို့နယ် ရုံးခန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ရုံးခန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်၉နာရီက ဗိုလ်တထောင်မြို့နယ်ရှိ အမှတ်(၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌဦးစံသိန်း၊ ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဆန်းမော်နှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌဦးကိုကိုကြီးတို့က မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဗိုလ်တထောင်မြို့နယ်ရုံးခန်းကို ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးပြီး ဥက္ကဋ္ဌ ဦးစံသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးဆန်းမော်က အမှာစကား ပြောကြား၍ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးကိုကိုကြီးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁၃

ဗိုလ်ကြီးကျော်မင်းခိုင်သည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးဝင်းစိုး၊ ဗိုလ်မှူးအောင်နိုင်ဦး၊ ဗိုလ်မှူးညီညီဝင်း၊ ဗိုလ်ကြီးဝေလင်းစိုးတို့နှင့်အတူ အမှတ်(၁)လျှပ်စစ်စွမ်းအား ရေအားပေါင်းလောင်းဂေါက်ကွင်း၌ ဇန်နဝါရီ ၅ရက်တွင်ဂေါက်သီးရိုက်ကစားကြစဉ် Maxfli(2) ဘောလုံးကို Callaway Hawk Eye Wood (5) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၆၈ ကိုက် အကွာအဝေးရှိ ကျင်းအမှတ်(၈)သို့ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် အာဆီယံနိုင်ငံများ၊ အာဆီယံ+၃ နိုင်ငံများမှ ယဉ်ကျေးမှုအနုပညာဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် အနုပညာရှင်များ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ၊ အာဆီယံနိုင်ငံများမှ အနုပညာရှင်များ၏ နိုင်ငံအလိုက် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ

ရက်ဒ်နက် နယူးကာဆယ်နည်းပြ ဖြစ်လာမလား

လန်ဒန် ဇန်နဝါရီ ၁၃

ရေးသူ- မောင်မောင်မြင့်ဆွေ

ပရီမီယာလိဂ်မှာ ရလဒ်တွေဆိုးရွားနေတဲ့အပြင် နည်းပြနုတ်ထွက်သွားတဲ့ နယူးကာဆယ်ဟာ ကြိုးပြတ်နေတဲ့ စွန်တစ်ခုလို ဖြစ်နေပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီ ၉ ရက်က နယူးကာဆယ်နည်းပြအဖြစ်က နုတ်ထွက်သွားတဲ့ ဆမ်အလာဒိုက်ဟာ အသင်းပိုင်ရှင်တွေနဲ့ ဆက်ဆံရေးအဆင်မပြေဖြစ်ပြီး နယူးကာဆယ်ကို စွန့်ခွာသွားခဲ့ခြင်း ဖြစ်ပါတယ်။

နယူးကာဆယ်အတွက် နည်းပြသစ်အဖြစ် ဟာရီရက်ဒ်နက်**(ယာပုံ)**နဲ့ အစားထိုးဖို့ ကြိုးစားခဲ့ပေမယ့် ရက်ဒ်နက်ကလည်း ငြင်းပယ်ခဲ့တာကြောင့် နယူးကာဆယ်အသင်းပိုင်ရှင် မိုက်အက်ရှ်လေအနေနဲ့ နည်းပြသစ် ရှာပုံတော်ဖွင့်နေရပြီ ဖြစ်ပါတယ်။

အသက် ၆၀ ရှိနေပြီဖြစ်တဲ့ ဟာရီရက်ဒ်နက်ဟာ ကနဦးက စိန့်ဂျိမ်းစ်ပတ်ကွင်းမှာ တာဝန်ယူပေးဖို့ ခေါင်းညိတ်ခဲ့ပေမယ့် အသင်းပိုင်ရှင်တွေနဲ့ တကယ်တမ်းဆွေးနွေးတဲ့အခါ အဆင်မပြေဖြစ်ခဲ့တာမို့ နယူးကာဆယ်ဟာ နည်းပြမဲ့နေခဲ့ရခြင်း ဖြစ်ပါတယ်။

စိတ်သောကရောက်

ဒီလို နည်းပြမဲ့နေတဲ့အခြေအနေမှာ မန်ယူလို ထိပ်တန်းအသင်းကြီးနဲ့ အဝေးကွင်းမှာ သွားကစားခဲ့ရတာမို့ ခြောက်ဂိုးပြတ်နဲ့ မန်ယူရဲ့ချေမှုန်းခြင်းကို မရှုမလှခံခဲ့ရပါတယ်။ ဒီရလဒ်ဟာ နယူးကာဆယ်သမိုင်းမှာ ၁၀ နှစ်အတွင်း ဆိုးရွားလွန်းတဲ့ ရလဒ်ဖြစ်ခဲ့လို့ နယူးကာဆယ် အသင်းပိုင်ရှင်တွေလည်း စိတ်သောကရောက်ခဲ့ကြရပါတယ်။

လိုလိုလားလားထောက်ခံ

အခုတော့ နယူးကာဆယ်နည်းပြသစ်အဖြစ် အလန်ရှီးယားအပေါ် မျက်စိကျနေပြန်ပြီဖြစ်ပါတယ်။ အလန်ရှီးယားကို နည်းပြအဖြစ်တာဝန်ပေးဖို့ နယူးကာဆယ်ပရိသတ်တွေက လိုလိုလားလား ထောက်ခံကြတယ်လို့ဆိုပါတယ်။

နယူးကာဆယ်ကလပ် အမှုဆောင်လူကြီးတွေက အလန်ရှီးယားကို နည်းပြတာဝန်ပေးဖို့ မဲဆန္ဒပြုတဲ့အခါ ငါးမဲနှစ်မဲနဲ့ထောက်ခံခဲ့တာမို့ နည်းပြသစ်အဖြစ် အလန်ရှီးယား တာဝန်ယူမလားဆိုတာ မျှော်လင့်စရာဖြစ်လာပါတယ်။

အသက်၃၇နှစ်အရွယ်ရှိတဲ့ အလန်ရှီးယားဟာ တိုက်စစ်မှူးကောင်းတစ်ဦးဖြစ်သလို ပရီမီယာလိဂ်မှာ အချိန်ကြာမြင့်စွာ ကျင်လည်ခဲ့သူတစ်ဦးလည်းဖြစ်တာမို့ နယူးကာဆယ်အသင်း အောင်မြင်မှုရရှိအောင် ကြိုးစားနိုင်မလားဆိုတာလည်း တွေးစရာပါပဲ။

ဒါပေမယ့် နယူးကာဆယ်ပိုင်ရှင်တွေ သဘောကျနေတဲ့ ရက်ဒ်နက်က နည်းပြအဖြစ် တာဝန်ယူဖို့ ပြန်ပြီးဆက်သွယ်နေပြန်တာကြောင့် ရက်ဒ်နက်ကို နည်းပြအဖြစ် တာဝန်ပေးဖို့ ဘုတ်အဖွဲ့လူကြီးတွေ စဉ်းစားနေပြန်ပါတယ်။ တကယ်လို့ တာဝန်ပေးဖို့ဆုံးဖြတ်ရင်တော့ အခုရက်ပိုင်းအတွင်းမှာ စိန့်ဂျိမ်းစ်ပတ်ကွင်းကို ရက်ဒ်နက်ရောက်ရှိလာပါလိမ့်မယ်။

ပို့စ်မောက်နည်းပြအဖြစ်က နုတ်ထွက်ရမယ့် ရက်ဒ်နက်ဟာ ဇန်နဝါရီ ၁၃ ရက်က နယူးကာဆယ်အသင်း လေ့ကျင့်နေတာကို လာရောက်ကြည့်ရှုခဲ့တာမို့ နယူးကာဆယ်နည်းပြသစ်ဟာ ရက်ဒ်နက် ဖြစ်မလားဆိုတာ။ ။

တိုက်စစ်မှူး အွန်နရီ(ဝဲ)နှင့် မာစီယာကစားသမား ဒီကိုစ်တို့ ဤသို့အကြိတ်အနယ်...။ (အင်တာနက်ဓာတ်ပုံ)

စီးရီးအေပွဲစဉ် ၁၈ ယှဉ်ပြိုင် ဂျူဗင်းတပ်စ်တို့ပယ်နယ်တီဖြင့် သရေပွဲဖြစ်

မီလန် ဇန်နဝါရီ ၁၃

အီတလီစီးရီးအေ ပွဲစဉ်(၁၈) ဘောလုံးပြိုင်ပွဲများကို ဇန်နဝါရီ ၁၂ ရက်က ယှဉ်ပြိုင်ကစားခဲ့သည်။

ဂျူဗင်းတပ်စ်တို့ကာတန်နီယာ၏ အိမ်ကွင်း၌ အရှုံးဖြင့် ရင်ဆိုင်ရမည့်အခြေအနေတွင် ဒယ်ပီယာရိုက လေလွင့်ချိန်၌ ပယ်နယ်တီဂိုးဖြင့် ချေပဂိုးသွင်းယူလိုက်နိုင်၍ အမှတ်ပေးဇယား ဒုတိယနေရာကို ဆက်လက်ရပ်တည်ခွင့်ရရှိခဲ့သည်။

အိမ်ရှင် ကာတန်နီယာအသင်းသည် ပွဲစပြီး ၁၅မိနစ်အကြာ ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့၍ ဂျူဗင်းတပ်စ် အားချေပဂိုး ပြန်မပေးရရေး အကြိတ်အနယ် ကာကွယ် ကစားခဲ့သည်။

သို့ရာတွင် ပွဲပြီးရန် နောက်ဆုံးမိနစ်တွင် ကာတန်နီယာ ကစားသမား မာကိုက ဒယ်ပီယာရိုအား ပယ်နယ်တီ ဧရိယာအတွင်း ကြမ်းတမ်းစွာ ကစားခဲ့မိ၍ ကွင်းလယ် ဒိုင်လူကြီးက ပယ်နယ်တီ ကန်ခွင့်ပေးခဲ့သည်။ ယင်း ပယ်နယ်တီကို ဒယ်ပီယာရိုကပင် သွင်းယူခဲ့သည်။

ဂျူဗင်းတပ်စ်တို့ကို ကာတန်နီယာက ပထမပိုင်းတွင် ဦးဆောင်ဂိုးသွင်းယူထား၍ အကြိတ်အနယ် ကစားခဲ့သော်လည်း ဒယ်ပီယာရို၊ဒေးဗစ်ထရက်ဇီဂေးတို့၏ သွင်းယူသောဂိုးများမှာ ပွတ်ကာသီကာ လွဲချော်နေသဖြင့် ဂိုးမရဘဲဖြစ်ခဲ့ရသည်။ **(အင်တာနက်)**

ဂျူဗင်းတပ်စ် ကွင်းလယ်ကစားသမား နက်ဗက် ထိုးဖောက်ကစားမှုကို တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

စပိန်လာလီဂါပွဲစဉ်(၁၉) ယှဉ်ပြိုင်ကစား ဘာစီလိုနာအိမ်ကွင်း၌ ဂိုးပြတ်အနိုင်ရ

မက်ဒရစ် ဇန်နဝါရီ ၁၃

စပိန် လာလီဂါဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၉)ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာတို့ အိမ်ကွင်း၌ မာစီယာအသင်းကို လေးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိလိုက်၍ အမှတ်ပေးဇယားထိပ်ဆုံးမှ ရီးရဲမက်ဒရစ်အသင်းအား ဖိအားပေးနိုင်ခဲ့သည်။

ဘာစီလိုနာတိုက်စစ်မှူး အီတူးက ယင်းပြိုင်ပွဲတွင် ပွဲပြီးရန် မိနစ်ပိုင်းအလို၌ နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ စောစောပိုင်း ဘာစီလိုနာအသင်းအတွက် ဂတ်ဂျွန်ဆင်နှင့် ကာကစ်တို့က တစ်ဂိုးစီသွင်းယူပေးနိုင်ခဲ့သည်။

ကင်မရွန်းတိုက်စစ်မှူး အီတူးသည် အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည်ဖြစ်၍ ဘာစီလိုနာအသင်းအတွက် ခြေစွမ်းပြဂိုးများ သွင်းယူပြလိုက်ခြင်းဖြစ်သည်။

ပြင်သစ်တိုက်စစ်မှူး အွန်နရီသည် ယင်းပြိုင်ပွဲတွင် အီတူး ဂိုးများသွင်းယူနိုင်ရန် အဓိကပံ့ပိုးပေးနိုင်ခဲ့သည်။ ပြိုင်ပွဲအပြီး ဘာစီလိုနာအသင်းသည် ရမှတ် ၄၀ ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာသို့ ရောက်လာသည်။ ဘီဘာအိုအသင်းသည် ဆီဗီလာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။

(အင်တာနက်)

ရေးသားတင်ပြသူ - မြင့်မောင်ခိုး

တတိယအကြိမ် အာဆီယံအနုပညာပွဲတော် ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် တတိယအကြိမ် အာဆီယံအနုပညာပွဲတော်(3rd ASEAN Festival of Arts)ဖွင့်ပွဲကို ဇန်နဝါရီ ၁၂ ရက် ည ၇ နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများ၊ အာဆီယံ+၃နိုင်ငံများမှ ယဉ်ကျေးမှုအနုပညာဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အဆီယံ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က တတိယအကြိမ် အာဆီယံအနုပညာပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ကပြဖျော်ဖြေ

ထို့နောက် အာဆီယံနိုင်ငံများမှ အနုပညာရှင်များသည် နိုင်ငံအလိုက် ယဉ်ကျေးမှုအနုပညာပြကွက်များဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အနုပညာရှင်အဖွဲ့များ၏ ခေါင်းဆောင်များအား ဂုဏ်ပြုပန်းစည်းများ ပေးအပ်သည်။

အဆိုပါအနုပညာပွဲတော်ကို ဇန်နဝါရီ ၁၄ ရက်ထိ ညစဉ် တင်ဆက်ဖျော်ဖြေသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အားကစားဖောင်ပိတ်သတင်း

ရစ်ချတ်ဆင်ဂိုးများဖြင့် ဆန်းဒါးလန်းနိုင်ပွဲရ

(မောင်ချစ်ကြည်)

လန်ဒန် ဇန်နဝါရီ ၁၃

ပရီမီယာလိဂ်ပွဲစဉ်(၂၂) လက်ကျန်ပွဲအဖြစ် ဆန်းဒါးလန်းနှင့် ပို့စ်မောက်တို့ ဇန်နဝါရီ ၁၃ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဆန်းဒါးလန်းက အိမ်ကွင်း၌ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိသွားခဲ့သဖြင့် နိုင်ပွဲပျောက်ဆုံးနေသော နည်းပြ ရွိုင်ကိန်းအတွက် စိတ်သက်သာရာရခဲ့သည်။

တန်းဆင်းဇုန်ထဲမှ ရုန်းထွက်ရန်ကြိုးစားနေသော ဆန်းဒါးလန်းတို့ နိုင်ပွဲရရှိရေးအတွက် ဒွိုက်ယော့၊ ဂျုန်းစ်၊ မူရာဖီတို့ မနားတမ်းတိုက်စစ်ဆင်နိုင်ခဲ့ရာ ပို့စ်မောက်နောက်တန်းကို ၁၂ကြိမ် ကျော်ဖြတ်ပြီး အပိုင်ကန်ခွင့် အခွင့်အရေးများ ရရှိခဲ့သည်။

ပို့စ်မောက်တို့က နူဂင့်၊ အမ်ဝါရူဝါရီနှင့် မင်ဒက်စ်တို့ကို တိုက်စစ်အတွဲဖြင့် အဝေးကွင်း၌ ဆန်းဒါးလန်းထံမှ သုံးမှတ်အပြည့်ရရန် ကြိုးစားခဲ့သော်လည်း ပထမပိုင်း ၃၃ မိနစ်၌ ဂျုန်းစ် ဖြတ်ပေးလိုက်သည့် ဘောလုံးကို မန်ယူ ကွင်းလယ်ကစားသမားဟောင်း ရစ်ချတ်ဆင်က အပိုင်ကန်သွင်းယူလိုက်သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။ ဆန်းဒါးလန်းအတွက် ဒုတိယဂိုးကိုလည်း ပထမပိုင်းပွဲပြီးခါနီး ၄၄ မိနစ်၌ ရစ်ချတ်ဆင်ကပင် သွင်းယူပေးခဲ့သဖြင့် ဆန်းဒါးလန်းတို့ နိုင်ပွဲရရှိပြီး အဝေးကွင်းရလဒ်ကောင်းသော ပို့စ်မောက်အတွက် မမျှော်လင့်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ယခုပွဲအနိုင်ရရှိသဖြင့် ဆန်းဒါးလန်းသည် ဝီဂန်၊ ဘာမင်ဂမ်တို့နှင့် ရမှတ်၂၀စီ တူသွားသော်လည်း ဂိုးကွာခြားချက်ဖြင့် တန်းဆင်းဇုန်ထဲ၌ပင် ရပ်တည်နေဆဲဖြစ်သည်။

အခြားပွဲရလဒ်

ဘလက်ဘန်း ၂ - ၁ ဘော်လ်တန်

ဆန်းဒါးလန်းနှင့် ပို့စ်မောက်တို့ပွဲတွင် ပို့စ်မောက်တိုက်စစ်မှူး နူဂင့် (ယာ)**၏ ထိုးဖောက်မှုကို ဆန်းဒါးလန်းမှ ဂျွန်နီအီဗင့်စ် ဤသို့ဟန့်တားရန် ကြိုးစားခဲ့သည်။** (အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း သူတို့ ဤသို့ ဖွင့်ဟပြောကြားကြသည်

ကွင်းဆင်းမေးမြန်း-မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်   ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)နှင့် သိန်းဝင်းလေး(မြန်မာ့အလင်း)

နိုင်ငံတော်နဲ့ လုပ်ငန်းရှင်တွေကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးနေ

“နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးလာဖို့ ဆက်လက်ဆောင်ရွက်ပေးရန် အမြဲအသင့်ရှိ”

ဦးဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

ရန်ကုန် ဇန်နဝါရီ ၁၃

“စီးပွားရေးခိုင်ခံ့မှ အမျိုးသားရေး စိတ်ဓာတ်တည်မြဲမည်” ဟူသော ခံယူချက်နဲ့ မြန်မာနိုင်ငံသားကုန်သည်များ သာပါဝင်တဲ့ အသင်းတစ်သင်းအဖြစ် ၁၉၁၉ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပါတယ်။ ဒီအသင်းကြီးကို ၁၉၈၉ ခုနှစ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (Union of Myanmar Chambers of Commerce and Industry-UMCCI) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။ ဒီအသင်းကြီးကိုပဲ ၁၉၉၉ ခုနှစ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (Union of Myanmar Federation of Chambers of Commerce and Industry-UMFCCI) အဖြစ် အဆင့်မြှင့်တင် ဖွဲ့စည်းခဲ့ပါတယ်။

ဒီကုန်သည်/စက်မှုအသင်းချုပ်က ရည်ရွယ်ချက် ၁၁ ချက်နဲ့ လုပ်ငန်းတာဝန် ၂၀ တို့ကို ချမှတ်ပြီးတော့ နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့၊ စီးပွားရေးနဲ့ စက်မှုလက်မှုလုပ်ငန်းများမှာ ခေတ်မီသိပ္ပံနဲ့ နည်းပညာတွေကို အသုံးပြုပြီး ကမ္ဘာ့အဆင့်မီ တိုးတက်လာစေဖို့၊နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် အကျိုးပြုစေမယ့် လုပ်ငန်းများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေဖို့ စတဲ့ရည်ရွယ်ချက်တွေနဲ့ ရှေးရှုဆောင်ရွက်နေပါတယ်။

နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ပုဂ္ဂလိကစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုပေါ်မှာ အဓိကတည်မှီနေပါတယ်။ ပုဂ္ဂလိကစီးပွားရေးကဏ္ဍတိုးတက်စေဖို့ ပုဂ္ဂလိက စီးပွားရေးကဏ္ဍရဲ့ အမြင့်ဆုံးအဖွဲ့အစည်းဖြစ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ဦးဆောင်အသင်းကြီး (Leader Chamber) အဖြစ် ဦးဆောင်စည်းရုံးဆောင်ရွက်ခဲ့တာက တစ်ကြောင်း၊ နိုင်ငံတော် အပိုင်းကလည်း လိုအပ်တာတွေ ပံ့ပိုးပေးနေတာကြောင့် အခုဆိုရင် တိုးတက်အောင်မြင်မှုတွေ ရရှိနေပါပြီ။

ကျွန်တော်တို့ရဲ့ ကုန်သည်စက်မှုအသင်းချုပ် တည်နေရာကတော့ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ မှာ ရှိပါတယ်။ ယခုအခါမှာ ကုန်သည်စက်မှု အသင်းချုပ်ရဲ့ ဦးဆောင်မှုနဲ့ ညီနောင် အသင်းအဖွဲ့အစည်းပေါင်း ၅၄သင်းရှိပါတယ်။ အသင်းဝင်ပေါင်း ၁၇၀၀၀ ရှိပါတယ်။

ဒီအသင်းချုပ်ကြီးဟာ ပုဂ္ဂလိကကုန်သည် စက်မှုလက်မှုလုပ်ငန်းရှင်တွေရဲ့ စီးပွားရေး အခွင့်အလမ်းတွေ ဖြစ်ပေါ်ရရှိအောင် နိုင်ငံတော်နဲ့ လုပ်ငန်းရှင်တွေကြားမှာ ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးနေပါတယ်။

ဒီအသင်းကြီးက လုပ်ငန်းရှင်များကို ခေတ်မီနည်းပညာတွေရစေဖို့ စီးပွားရေးဆိုင်ရာ ဟောပြောပွဲတွေ၊ စီးပွားရေးဆိုင်ရာ သင်တန်းတွေ၊ ဘာသာရပ်ဆိုင်ရာသင်တန်းတွေ ပို့ချပေးပါတယ်။ ဒါ့အပြင် လုပ်ငန်းရှင်များ အငြင်းပွားကိစ္စတွေကိုလည်း ညှိနှိုင်း ဆောင်ရွက်ပေးပါတယ်။

ကုန်သည်/စက်မှုအသင်းချုပ်အနေဖြင့် ကုန်စည်စီးဆင်းမှု မှန်ကန် မြန်ဆန်ရေး၊ ကုန်ပစ္စည်းထုတ်လုပ်သူများနဲ့ ကုန်သည်များရဲ့ အကျိုးစီးပွားကို မထိခိုက်စေရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေးတို့အတွက် သက်ဆိုင်ရာများနဲ့လည်း ညှိနှိုင်းဆောင်ရွက်ပေးပါတယ်။

ကျွန်တော်တို့အသင်းကြီးရဲ့ဦးဆောင်မှုနဲ့ကုန်စည်ပြပွဲတွေလည်း လုပ်ပေးပါတယ်။ တရုတ်နိုင်ငံနန်နင်းမှာသွားပြတဲ့ ကုန်စည်ပြပွဲမှာ အကောင်းဆုံးဆုနဲ့ တီထွင်မှု အကောင်းဆုံးဆု ဆွတ်ခူးရရှိခဲ့ပါတယ်။ ယခုကျွန်တော်တို့ နိုင်ငံတကာနဲ့လည်း စီးပွားရေး ဆိုင်ရာ နားလည်မှု စာချွန်လွှာ (MoU) ၅၀ စာချုပ်ထားပါပြီ။ နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍဖွံ့ဖြိုးလာဖို့ ဆက်လက်ဆောင်ရွက်ပေးရန် အမြဲအသင့်ရှိပါတယ်။ ။

မီးလောင်မှုတွေ မဖြစ်ပွားအောင် ပြည်သူတွေ ပူးပေါင်းပါဝင်

“မီးသတ်တပ်ဖွဲ့ဟာမီးလောင်မှု တစ်ခုတည်းအတွက် မဟုတ်ပါဘူး။ လူ့အသက်ကို သေစေနိုင်လောက်တဲ့ ယာဉ်တိုက်မှုမျိုး ဖြစ်လာခဲ့ရင် မီးသတ်ကို အကြောင်းကြား အကူအညီ တောင်းခံပါ”

ရဲကျော်သူ ရဲဗလ ရဲသူရကျော်မင်း
လက်ထောက်ညွှန်ကြားရေးမှူး
မီးသတ်ဦးစီးဌာန

ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေဟာ ပြည်သူတွေရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ်တွေ ထိခိုက်ဆုံးရှုံးမှု မရှိအောင် ကူညီပေးဖို့ ၂၄ နာရီ တာဝန်ရှိပါတယ်။ တာဝန်ရှိတဲ့အတိုင်းလည်း ကျွန်တော်တို့ မီးသတ်တွေဟာ Man made disaster လို့ ခေါ်တဲ့ လူ့ပယောဂကြောင့် ဖြစ်ရတဲ့ မီးလောင်မှုလို ဘေးအန္တရာယ်ပဲဖြစ်ဖြစ် Natural disaster လို့ခေါ်တဲ့ သဘာဝဘေး အန္တရာယ်ကြောင့် ဖြစ်ရတဲ့ ရေကြီးမှု၊ မုန်တိုင်းတိုက်ခတ်မှုစတဲ့ ဘေးအန္တရာယ်တွေပဲဖြစ်ဖြစ် ကြုံတွေ့တယ်ဆိုရင် ပြည်သူတွေကို ကူညီပေးဖို့ အသင့်ရှိ နေပါတယ်။

ဒီလိုကူညီပေးတဲ့အတွက် ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေကို ငွေကြေး တစ်စုံတစ်ရာ ပေးစရာမလိုပါဘူး၊ ဒါဟာကျွန်တော်တို့ရဲ့ အလုပ်တာဝန်ပါ၊ မိဘပြည်သူတွေအတွက် ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေဟာ အသက်နဲ့လဲပြီး စွန့်လွှတ်စွန့်စားသွားမှာပါ။

ယခုလို ပွင့်လင်းရာသီမှာ ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေဟာ မြို့ရွာအနှံ့ မီးဘေးသတိမူရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်။ မီးဘေးအန္တရာယ် သတိပေးချက် နှိုးဆော်ချက်တွေ ရုပ်မြင်သံကြားနဲ့ သတင်းစာက ထုတ်ပြန်ကြေညာပေးတာတို့၊ မီးသတ်တပ်ဖွဲ့ဝင်တွေက အိမ်တွေမှာ ဝင်ရောက် စစ်ဆေးပေးတာတို့ကိုလည်း အမြဲဆောင်ရွက်ပေးပါတယ်။

မီးလောင်မှုတွေ မဖြစ်ပွားအောင် ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေကချည်း ဆောင်ရွက်နေလို့ မရပါဘူး။ ပြည်သူတွေအနေနဲ့လည်း ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ အိမ်တိုင်းအိမ်တိုင်းမှာ မီးချိတ်၊ မီးကပ်၊ ရေအိုး၊ သဲအိတ်စတဲ့ မီးဘေးကာကွယ်ရေးပစ္စည်းတွေ အသင့်ထားရှိရပါမယ်။ တိုက်တာနဲ့နေတဲ့ သူတွေဆိုရင်လည်း မီးသတ်ဆေးဘူး အိမ်တိုင်းမှာ ရှိထားသင့်တယ်။ မီးသတ်ဆေးဘူး အသုံးပြုပုံကိုလည်း အရွယ်ရောက်တဲ့ အိမ်သူ အိမ်သားတိုင်း အသုံးပြုနိုင်အောင် သိရှိနားလည်ထားဖို့ လိုပါတယ်။ ဒါမှ မီးလောင်မှုဖြစ်လာတဲ့အခါ ကာကွယ်နိုင်ပါလိမ့်မယ်။

စက်ရုံတွေ၊အလုပ်ရုံတွေမှာဆိုလည်း မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်မှုတွေ လုပ်ထားသင့်ပါတယ်။ မော်တော်ကားတွေမှာဆိုလည်း မီးသတ်ဆေးဘူးတွေ ဆောင်ထားသင့်ပါတယ်။ မီးသတ်ဆေးဘူးက တန်ဖိုး မကြီးပါဘူး။ ကားကအများကြီး တန်ဖိုးကြီးပါတယ်။ တကယ်လို့ မီးလောင်မှုဖြစ်လာရင် အလွယ်တကူ ငြိမ်းသတ်နိုင်ပါတယ်။

နောက်ဆုံး ပြောချင်တာတစ်ခုကတော့ မော်တော်ယာဉ် မတော်တဆမှုတွေကြောင့် သေဆုံးရတဲ့သူတွေ ရှိတတ်ပါတယ်။ မီးသတ်တပ်ဖွဲ့ဟာမီးလောင်မှု တစ်ခုတည်းအတွက် မဟုတ်ပါဘူး။ လူ့အသက်ကို သေစေနိုင်လောက်တဲ့ ယာဉ်တိုက်မှုမျိုး ဖြစ်လာခဲ့ရင် မီးသတ်ကို အကြောင်းကြား အကူအညီတောင်းခံပါ။ ကျွန်တော်တို့မှာ မိနစ်ပိုင်းနဲ့ လူ့အသက်တွေကို ကယ်တင်နိုင်တဲ့ နည်းပညာတွေ စက်ကိရိယာတွေ အသင့်ရှိပါတယ်။ အမြန်ဆုံးအကြောင်းကြားဖို့ လိုပါတယ်။ ဖုန်းနံပါတ်တွေကတော့ အရေးပေါ် **ဖုန်း-၁၉၁** ဖြစ်ပါတယ်။ ဒါ့အပြင် **၂၅၂၀၁၁ နဲ့ ၂၅၂၀၂၂** တို့ကိုလည်း ဆက်သွယ်လို့ရပါတယ်။ ။

စာမျက်နှာ အပြင်အဆင် - ထိန်လင်း

အငှားကား ယာဉ်မောင်းတစ်ဦး၏ တစ်နေ့တာ

ကျွန်တော်ကတော့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ၃၅ရပ်ကွက် လုပ်သားလမ်းမှာ နေပါတယ်။ ကျွန်တော် မောင်းတဲ့ကားက ဓာတ်ဆီကားပါ။ ရေမြင့် ကြာတင့် ဆိုသလို ကား အမျိုးအစားအလိုက် အုံနာကို စပေါ် ၁၀သိန်း၊ ရှစ်သိန်းနဲ့ အနည်းဆုံး ငါးသိန်း တင်ရပါတယ်။ အုံနာကြေးအနေနဲ့လည်း တစ်နေ့ကို ကျပ် ခုနစ်ထောင်ကနေ ကျပ် ရှစ်ထောင်အထိ ပေးရပါတယ်။

“သင့်တင့်တဲ့ဈေးနှုန်းနဲ့ ပို့ဆောင်ပေးပါတယ်”

ကိုဝင်းမြင့်
(ကက/၂၉၄၂)
အငှားကားယာဉ်မောင်း
ကန်တော်ကြီး
မြောက်ဂိတ်

ကား ခ ကျ တော့ လည်း အနိမ့်ဆုံး တစ် ထောင် လောက် တော့ ယူပြီး ခရီးဝေးရင် ဝေးသလို ယူရတာပေါ့။ ကျွန်တော်ကတော့ ယာဉ်ပိုင်ရှင်နဲ့ မိသားစုလို ဖြစ်နေပြီဆိုတော့ စပေါ်မပေးရသလို အုံနာကြေးလည်း ကျပ်ငါးထောင်ကနေ ခြောက်ထောင်အတွင်းပဲ ပေးရပါတယ်။

ယာဉ်ပိုင်ရှင်က ကျွန်တော့်ကို မိသားစုလို သဘောထားလို့လည်း ယုံကြည်စိတ်ချပြီး ဒီလို ပေးတာပါ။ ပျက်လို့ ပြင်ရင်တော့ ကိုယ့်ဘာသာကိုယ် ပြင်ရပါတယ်။ ကျွန်တော့် အနေနဲ့ ကတော့ တစ်နေ့မှ ကျပ်တစ်သောင်းလောက်ပဲ ရှာနိုင်သလို အများဆုံး ကျပ် ၁၅၀၀၀ လောက်အထိပဲ ရှာနိုင်ပါတယ်။ ပြီးတော့ ကျွန်တော့်ကားက ဓာတ်ဆီကား ဆိုတော့ လူရအောင် ဟိုဟိုသည်သည် လမ်းပေါ်မှာ လျှောက်မောင်းလို့ မဖြစ်ပါဘူး။ဂိတ်မှာထိုးပြီး ငှားတဲ့လူလာငှားမှ လိုက်ဖြစ်တာပါ။ လူတွေကလည်း တော်ရုံတန်ရုံ ကားငှားစီးနိုင်ကြတာ မဟုတ်ပါဘူး။

ဒီ့အပြင် ကျွန်တော်ကလည်း ကားခကို သင့်တင့်တဲ့ဈေးနှုန်းနဲ့ ပို့ဆောင်ပေးတာဆိုတော့ တစ်နေကုန် အစွမ်းကုန်ရှာနိုင်မှ အထက်က ပြောခဲ့တဲ့အတိုင်း ကျပ် ၁၅၀၀၀ လောက်ပဲ ရှာနိုင်တာပါ။

ကျွန်တော်က တစ်နေ့ ကျပ် ၂၀၀၀၀ ရမှ၊ ကျပ် ၃၀၀၀၀ ရမှလို့ မပိုင်းဖြတ်ထားတော့ စိတ်ချမ်းသာပြီး ရောင့်ရဲတင်းတိမ်နိုင်ပါတယ်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

ဘောဇနသာလာဓမ္မာရုံ ပန္နက်တော်တင်

မြန်အောင်မြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်တွင် ဘောဇနသာလာ ဆွမ်းစားဓမ္မာရုံ တည်ဆောက်ရန် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁၉ရက် နံနက် ၉ နာရီကကျင်းပရာ ဝေဠုဝန် ဂဏရက္ခိတ ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ အရှင်မြတ်ဦးဆောင်၍ မြို့နယ်ဥက္ကဋ္ဌ ဦးအေးကြူနှင့် တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် သတ်မှတ်နေရာများ၌ ပန္နက်ရိုက်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ဗုဒ္ဓဘာသာယဉ်ကျေးမှု စာတော်ပြန်ပွဲ

ပထမအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာတော်ပြန်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၈ နာရီက ရွှေဘိုမြို့ အထက(၃)ကျောင်း၌ ကျင်းပသည်။

(ခရိုင် ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ပညာပေးဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ရက် နံနက် ၉ နာရီခွဲက မိုးမောက် အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒုတိယရဲမှူး မြင့်ကြူက ယာဉ်တိုက်မှုဖြစ်ပွားရသည့်အကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပိုင်းဆိုင်ရာ သိကောင်းစရာများကို ဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

အခြေခံစစ်ရေးပြသင်တန်းဖွင့်ပွဲ ခင်ဦး၌ကျင်းပ

ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ အခြေခံစစ်ရေးပြသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက အောင်ချမ်းသာရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးရဲမြင့်ဦးက အမှာစကားပြောကြားသည်။

(က-ပ)

ကတ္တရာထပ်ပိုးလွှာခင်းရန် ကျောက်စုဆောင်း

သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ပုတီးကုန်း(၈)လမ်း ကတ္တရာထပ်ပိုးလွှာခင်းရန်အတွက် ကျောက်များစုဆောင်းထားရှိမှုကို ဒီဇင်ဘာ ၆ ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးဝင်းနိုင်တို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးထွန်းလှအောင်က ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

ပြည်နယ်စည်ပင်ညွှန်မှူး ဝိုင်းမော်၌ လုပ်ငန်းများ စစ်ဆေး

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဝိုင်းမော် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ဒီဇင်ဘာ၂၂ရက်ကရောက်ရှိပြီး အဖွဲ့ရုံးဝင်းပျိုးဥယျာဉ်နှင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးဖြစ်သော မြို့ပြ ၁၁လမ်းကျောက်ချောခင်းခြင်း၊ ကျေးလက်ကတ္တရာခင်းခြင်းနှင့်(မုတ်လွဲ-ခတ်ချို)ကတ္တရာလမ်း တို့ကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးက ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

ရွှေဘိုခရိုင်နှင့် မြို့နယ် ပြန်/ဆက် ဦးစီးရုံးများညှိနှိုင်း

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရွှေဘိုခရိုင်နှင့် မြို့နယ်ရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီက ခရိုင်ဦးစီးအရာရှိ ရုံးခန်း၌ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးမျိုးဝေက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာတိုးတက်ရေး၊ စာဖတ်ဝိုင်းများ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပရေး၊ စာအုပ်ပြပွဲများ ကျင်းပရေး၊ ဝန်ထမ်းများ အရည်အသွေးမြှင့်တင်ရေးတို့အား ရှင်းလင်းဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

မင်းတပ်မြို့ သောက်သုံးရေဖူလုံရေး ကွင်းဆင်း

မင်းတပ်မြို့နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် အရှေ့ပြင်ရပ်ကွက် သဘာဝစိမ့်စမ်းရေထွက်များ၊ မြို့ရေပေးရေးကန်မှ ရေပေးဝေမှုနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်မှုတို့ကို ဇန်နဝါရီ ၈ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေက ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

အိမ်ထောင်စုတိုင်း ယင်လုံအိမ်သာသုံးစွဲရေး

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ အိမ်ထောင်စုတိုင်း ယင်လုံအိမ်သာသုံးစွဲရေး ကွင်းဆင်းစစ်ဆေးမှုကို နိုဝင်ဘာ၂၈ရက်က နန့်ရင်း ကျေးရွာ၌ ဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျန်းမာရေး ပညာပေးဟောပြော

ချောင်းဦးမြို့နယ် ခင်မွန်စံပြကျေးရွာဖွင့်ပွဲတွင် မိခင်နှင့်ကလေးအသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က ခင်မွန်စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ ကျင်းပသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း နှစ်ပတ်လည်စည်းဝေး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်း၏ (၁၄)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ချီးမြှင့်ပြီး ကုန်သွယ်မှုနှင့် စက်မှုလက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

နှစ်ပတ်လည် အစည်းအဝေးသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်းနာယက ဦးဝင်းမြင့်နှင့် အသင်းနာယကများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ ဦးပေါ်ဟိန်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အသင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ (၁၄)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ကုမ္ပဏီများ၏ အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့နောက် သဘာပတိ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ ဦးပေါ်ဟိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်းနာယက ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ရန်ပုံငွေအတွက် အလှူရှင် ၅၁ဦးတို့က စုစုပေါင်းငွေကျပ် ၁၈၆၀၀၀၀၀နှင့် အက်ဖ်အီးစီ ၁၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အသင်းနာယက ဦးဝင်းမြင့်နှင့် အသင်းဥက္ကဋ္ဌ ဦးပေါ်ဟိန်းတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ဖတ်ကြားတင်ပြ

ထို့နောက် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြခြင်း၊ အတည်ပြုခြင်း၊ ကြိုတင်ပေးပို့ထားသော မေးခွန်းလွှာများနှင့် အကြံပြုချက်များကို တင်ပြခြင်းနှင့် ဖြေကြားခြင်းတို့ကို အစီအစဉ်အတိုင်း ကျင်းပသည်။

ယင်းနောက် သဘာပတိ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ ဦးပေါ်ဟိန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး နှစ်ပတ်လည် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဇီဝိတဒါနသံဃာ့ဆေးရုံ ညောင်လေးပင်မြို့ (၂၅)နှစ်ပြည့် ငွေရတုသဘင် အခမ်းအနားကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ညောင်လေးပင်မြို့ ဇီဝိတဒါန သံဃာ့ဆေးရုံ၏ ဇန်နဝါရီ ၉ ရက်က ကျင်းပသော နှစ်ပတ်လည် အစည်းအဝေးမှ ညောင်လေးပင်မြို့ ဆရာကြီး ဦးအုန်းကျော်၏ ဦးဆောင်မှု၊ ရပ်နီးရပ်ဝေးမှ အလှူရှင်များ၏ စေတနာထက်သန်စွာ လှူဒါန်းမှုဖြင့် ဖွင့်လှစ်ခဲ့သည့် ဇီဝိတဒါန သံဃာ့ဆေးရုံ (၂၅)နှစ်ပြည့် ငွေရတု သဘင် အခမ်းအနားကို ဇန်နဝါရီ ၂၀ရက်တွင် ကျင်းပမည်ဖြစ်သည်။

ငွေရတုသဘင် အထိမ်းအမှတ် အဖြစ် အလှူငွေထည့်ဝင်လိုသူများသည် ညောင်လေးပင်မြို့နယ်အသင်း ရန်ကုန် ဘဏ္ဍာရေးမှူး ဦးအေးဝင်း ဖုန်း-၀၁-၃၉၄၅၁၂၊ ဦးကျော်မြင့် (အုပ်ချုပ်ရေးမှူး၊ သံဃာ့ ဆေးရုံ)ညောင်လေးပင်မြို့ ဖုန်း-၀၅၂-၅၀၀၈၄ နှင့် ဦးစိုးဝင်း အတွင်းရေးမှူး ဖုန်း-၀၅၂-၅၀၂၆၂ ညောင်လေးပင်မြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့ သွေးလှူဒါန်းပွဲဖြစ်မြောက်ရေးကော်မတီက ကြီးမှူး၍ သတ္တမအကြိမ် သွေးလှူဒါန်းပွဲတွင် ဈေးသူဈေးသားများနှင့် မိသားစုများ စုပေါင်းသွေးလှူဒါန်းရန် စာရင်းပေးသွင်းကြစဉ်။ (သတင်းစဉ်)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသင်တန်း အမှတ်စဉ်(၁)ဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၈ နာရီက ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ပတ္တမြားခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ထူးချွန်စွာ အောင်မြင်သူများအား ဆုချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်သည်။

အဆိုပါ သင်တန်းသည် ၂၀၀၇ ခုနှစ် မေ ၇ ရက်မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၁ ရက်အထိ ဗဟိုဝန်ထမ်းတက္ကသိုလ်က သင်ကြားသော ဘာသာရပ်များအပြင် အခြားဝန်ကြီးဌာနများက ပို့ချသောဘာသာရပ်များနှင့် လက်တွေ့ကွင်းဆင်းခြင်း အပါအဝင် သင်တန်းကာလမှာ ကိုးလကြာ သင်ကြားပို့ချခဲ့သော သင်တန်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆရာဝန်သစ်လွင်များ အခြေခံအုပ်ချုပ်ရေး စီမံခန့်ခွဲရေးသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၃

ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်သစ်လွင်များ အခြေခံအုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးသင်တန်း (၁/၂၀၀၈)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်) ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ကျော်မြင့်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်လှစ်ပို့ချသွားမည်

အဆိုပါသင်တန်းတွင် ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဆေးရုံများမှ ဆရာဝန်သစ်လွင် ၄၆ဦး၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များမှ ၈၆ဦး၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှ ခုနစ်ဦး၊ ဆေးသုတေသနဦးစီးဌာန(မြန်မာပြည်အလယ်ပိုင်း)မှ နှစ်ဦး၊ တိုင်းရင်းဆေး ပညာဦးစီးဌာနမှ ငါးဦး တက်ရောက်ကြပြီး ဇန်နဝါရီ ၁၆ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသူဈေးသားများ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၃

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့ သွေးလှူဒါန်းပွဲ ဖြစ်မြောက်ရေးကော်မတီက ကြီးမှူး၍ သတ္တမအကြိမ် သွေးလှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့ရုံး၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် ဈေးများဌာန လက်ထောက်ဌာနမှူး ဦးထွန်းနိုင်၊ ရန်ကုန် ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ သီတာအောင်၊ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ သွေးလှူဒါန်းပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှအေးနှင့် ကော်မတီဝင်များ၊ သွေးလှူရှင်များ၊ ဈေးသူဈေးသားများနှင့် မိသားစုများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ဈေးသာယာရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်လွင်က သွေးလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလှူရှင်များက အမျိုးသားသွေးဌာနအတွက် လှူဒါန်းငွေကျပ် ၁၇၁၇၂၈၀ကို အမျိုးသားသွေးဌာန တာဝန်ခံဆရာဝန်ကြီး ဒေါက်တာသီတာအောင်ထံ ပေးအပ်လှူဒါန်း၍ ဈေးသူဈေးသား မိသားစု ၄၂၅ ဦးတို့က သွေးများကို လှူဒါန်းကြသည်။

ဘုရင့်နောင်ဈေးကြီး မိသားစုများက ရန်ကုန် ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးဌာနသို့ ယခုသတ္တမအကြိမ်အထိ သွေးပုလင်းပေါင်း ၁၈၃၇ပုလင်းနှင့် အလှူငွေကျပ် ၇၂ သိန်းကျော် လှူဒါန်းပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့နယ်ဂီတအစည်းအရုံး စမ်းချောင်း၌ ဖွဲ့စည်း

ရန်ကုန် ဇန်နဝါရီ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)မှ စမ်းချောင်းမြို့နယ် ဂီတအစည်း အရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၁ နာရီက စမ်းချောင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ စမ်းချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းက အမှာစကား ပြောကြားသည်။**(ယာပုံ)**

ဆက်လက်၍ ဖွဲ့စည်းရေးအဖွဲ့ခေါင်းဆောင် ခနေဖြူဦးစိုးသိန်း(ပြန်ကြားရေးမှူး-၂)က ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး ဥက္ကဋ္ဌဦးခင်မောင်လွင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမင်းဝေလတ်၊ အတွင်းရေးမှူး အောင်နိုင်စန်း၊ ဘဏ္ဍာရေးမှူး ဦးကျော်မြင့်(ဂျူပီတာ)၊ စည်းရုံးရေးမှူး လှမြင့်ဝင်းနှင့် ကိုညွန့်သန်း၊ ပြန်ကြားရေးမှူး သိန်းမြင့်သန်း၊ အဖွဲ့ဝင်များဖြစ်သော ကိုဒူး၊ မြစတင်းနှင့် အောင်မိုးသန်းတို့ပါဝင်သော မြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေး ကော်မတီ ခန့်အပ်လွှာကို (ဗဟို)အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးတင်ဦးလေးက ဖွဲ့စည်းတာဝန် ပေးအပ်လိုက်ကြောင်း သိရသည်။ **(၁၀၃)**

အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့် **သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်** ကို ဂုဏ်ပြုချီးမြှင့်ခြင်းခံရသော **ဒေါ်မြင့်မြင့်** (ဥက္ကဋ္ဌ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်း၊ ဖျာပုံမြို့)အား ဝမ်းမြောက်ဂုဏ်ယူပီတိဖြစ်ရပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာတော်အကျိုးများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း သားသမီး၊ မြေး၊ မြစ်များက ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သား – ဦးဝေမြင့်–ဒေါ်သန်းသန်းနွဲ့

မြေး – မောင်အောင်ခိုင်မြင့်–မသန့်စင်စံ
– မောင်တင်ခိုင်မြင့်–မမိုးမိုးထွန်း
– မောင်ထက်အောင်(GTC၊ မအူပင်)

မြစ် – မသိမ့်မွေ့အောင်၊ မသော်တာဝင်းလှဲ့

ဖျာပုံမြို့။

အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့် **ဒေါ်စိန်ထွေး** အုပ်ချုပ်မှုဒါရိုက်တာ(ခိုင်သစ္စာကျောက်မျက်ကုမ္ပဏီ) မိုးကုတ်အား **သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်** ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးနှင့် ဝေနေယျအကျိုး များစွာတို့ကို သက်ရှည်ကျန်းမာ၊ ချမ်းသာစွာဖြင့် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ဒေါ်ကြည်အေး (မိုးကုတ်)၊
ဒေါ်အောင် (မိုးကုတ်)၊
ဒေါ်ဘောဘီ (မိုးကုတ်)၊
ဒေါ်ဆာရာဒါး (မိုးကုတ်)၊
မဒီပါး (မိုးကုတ်)။

မလေးရှားနိုင်ငံတွင်သွားရောက်အလုပ်လုပ်လိုသောသူများသိစေရန် ကြေညာအပ်ပါသည်

ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီလီမိတက်သည် မလေးရှားနိုင်ငံတွင် သွားရောက်အလုပ်လုပ်လိုသော မြန်မာနိုင်ငံသားများအား ကုန်ကျစရိတ်အနည်းဆုံးဖြင့် သွားရောက်လုပ်ကိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယခုအချိန်ထိ မလေးရှားနိုင်ငံသို့ ၁၄၂၇၇ ဦးတို့အား အလုပ်အကိုင်ရှာဖွေစေလွှတ်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ မလေးရှားနိုင်ငံရှိ အောက်ဖော်ပြပါ ကုမ္ပဏီတို့တွင် လုပ်သားများ ထပ်မံလိုအပ်လျက်ရှိပါသည်–

Step Furniture (ပရိဘောဂလုပ်ငန်း) — လိုအပ်ဦးရေ (၄၀)

PPH Printing & Packaging (Penang) SDN BHD (ပုံနှိပ်လုပ်ငန်း) — လိုအပ်ဦးရေ (၅၀)

Everise Stellar(M) SDN BHD (အိမ်အမိုးသတ္တုပြားထုတ်လုပ်မှုလုပ်ငန်း) — လိုအပ်ဦးရေ (၁၀)

အနိမ့်ဆုံးရမည့်လစာ RM ၇၅၀ (အချိန်ပိုလုပ်သည့်အပေါ်မူတည်၍ RM ၈၀၀ – ၁၀၀၀ ထိ ရရှိပါသည်။)

ဝန်ဆောင်ခ USD ၆၅၀ နှင့်ညီမျှသည့် မြန်မာငွေ

သွားရောက်လုပ်ကိုင်လိုသူများ ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီလီမိတက်တွင် လာရောက်စုံစမ်းနိုင်ပါသည်။

လိပ်စာ – အမှတ် ၈/ဘီ၊ ၈မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း – ၆၆၃၇၁၆၊ ၆၅၃၃၉၀၊ ၆၆၄၉၁၄။

အထက(၂) ရန်ကင်း (ကျောက်ကုန်းစိန်မိုင်ကယ်) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ယခင်ကျောက်ကုန်း စိန်မိုင်ကယ်ကျောင်းမှ ယခု အထက(၂) ရန်ကင်းကျောင်းတွင် ၁၉၅၉–၆၀ မှ ၂၀၀၇ ခုနှစ်အထိ နှစ်အဆက်ဆက် ပညာသင်ယူခဲ့ကြသော တပည့်ဟောင်းများက အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်လှကြည်နှင့်တကွ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ အသက်(၆၀)ပြည့် အငြိမ်းစားယူသွားသည့် ဆရာ ဆရာမကြီးများအား (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၀ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အထက(၂) ရန်ကင်း(ရှေ့ဆောင်ခန်းမ)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ဆရာကြီး ဆရာမကြီးများသို့ ကုသိုလ်ပြုအထူးအစီအစဉ်ကို နံနက် ၁၀ နာရီတွင် သုခါပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ၌ ကျင်းပမည်ဖြစ်သည်။ **(က–ပ)**

ဆရာတော် အရှင်စန္ဒသိရီ ပြည်ပဓမ္မဒူတ ခရီးကြွတော်မူ

ရန်ကုန် ဇန်နဝါရီ ၁၃

သာကေတမြို့နယ် အောင်စကြာမိုးကုတ်ရိပ်သာကြီး၏ ပြည်တွင်းပြည်ပ သာသနာပြု နယ်လှည့်ဓမ္မကထိက အောင်စကြာဆရာတော် အရှင်စန္ဒသိရီ(ဓမ္မာစရိယ)သည် တရုတ်(တိုင်ပေ)သို့ ဇန်နဝါရီ ၁၀ ရက်က သာသနာပြုဓမ္မဒူတခရီး ကြွတော်မူကြောင်း သိရသည်။ **(က–ပ)**

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ စီးပွား/ကူးသန်းနှင့်စွမ်းအင် ယနေ့ယှဉ်ပြိုင်မည်

ရန်ကုန် ဇန်နဝါရီ ၁၃

သတင်းဆောင်းပါး – ကိုထွေး

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့်၂၀၀၇–၂၀၀၈ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေး(မြန်မာလိဂ်) ဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၁၄ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် စီးပွား/ကူးသန်းအသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ချန်ပီယံဆုဖလား

၂၀၀၇–၂၀၀၈ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် စီးပွား/ကူးသန်းအသင်းနှင့် စွမ်းအင်အသင်းတို့ ဆုံတွေ့ခဲ့ကြရာ စီးပွား/ကူးသန်းအသင်းက ပယ်နယ်တီ အဆုံးအဖြတ်တွင် အနိုင်ရရှိပြီး ချန်ပီယံ ဆုဖလားရရှိခဲ့သည်။

အဆိုပါဗိုလ်လုပွဲစဉ်၌ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြရာ ပွဲကြီးပွဲကောင်းဖြစ်ခဲ့သော်လည်း ဖြစ်စဉ်ဖြစ်ရပ်အချို့ကြောင့် စီးပွား/ကူးသန်းအသင်းသည် အမှတ်ပေးပြိုင်ပွဲ၌ ငါးမှတ်လျှော့ပြစ်ဒဏ်ချမှတ်ခံရပြီး စီးပွား/ကူးသန်းအသင်းနှင့် စွမ်းအင်အသင်းတို့မှ ကစားသမားအချို့ ပွဲပယ်ပြစ်ဒဏ်များ အသီးသီး ချမှတ်ခံခဲ့ကြရသည်။

ရပ်တည်လျက်ရှိ

ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် စီးပွား/ကူးသန်းအသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် တတိယနေရာ၌ရပ်တည်နေပြီး စွမ်းအင်အသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ဖြင့် အဆင့်ခြောက်၌ ရပ်တည်လျက်ရှိသည်။

စီးပွား/ကူးသန်း အသင်းသည် အမာခံကစားသမားအချို့ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်ကစားနိုင်ခြင်းမရှိသော်လည်း အရန်အင်အား ကောင်းမွန်မှုကြောင့် ခြေစွမ်းပြကစားနိုင်ခဲ့သည်။ စီးပွား/ကူးသန်းအသင်းသည်သစ်တောရေးရာအသင်းကို လေးဂိုး–တစ်ဂိုး၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

စီးပွား/ကူးသန်း အသင်းသည် နှစ်ပွဲပေါင်း ရှစ်ဂိုးသွင်းယူထားရာ သုံးပွဲကစားပြီး ခုနစ်ဂိုး သွင်းထားသည့် ဘဏ္ဍာ/အခွန်အသင်းထက်ပင် တစ်ဂိုးပိုသွင်းထားနိုင်သည်။ ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို အနိုင်ရရှိခဲ့သောပွဲတွင် တိုက်စစ်မှူး မျိုးလှိုင်ဦး တစ်ဦးတည်းက သုံးဂိုးဆက်တိုက်သွင်းယူပြီး အမှတ်ပေးပြိုင်ပွဲ၏ ပထမဆုံး ဟက်ထရစ် ဂိုးသွင်းနိုင်သူအဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။

စွမ်းအင်အသင်းသည် မြန်မာ့မီးရထားအသင်းနှင့် ဂိုးမရှိသရေကျခဲ့ပြီး ပြည်ထဲရေးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်သာ ကပ်နိုင်ခဲ့သည်။ စွမ်းအင်အသင်းသည် ယခုနှစ် အမှတ်ပေးပြိုင်ပွဲ၌ ယခင်ခြေစွမ်းမျိုး မပြနိုင်ဘဲ ဂိုးရရှိရေးအတွက် ခက်ခက်ခဲခဲ ရုန်းကန်ကြိုးစားနေရသည်။

အာရုံစိုက်လုပ်ဆောင်

စီးပွား/ကူးသန်း ဘောလုံးအသင်း အုပ်ချုပ်သူ ဦးစန်းထွန်း(ဒုတိယအထွေထွေမန်နေဂျာ၊မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး)က ပွဲကြိုပြောကြားရာတွင် "မိမိတို့ကစားသမားများ ကြိုးစားအားထုတ်မှုကောင်း၍ နှစ်ပွဲစလုံး ဂိုးပြတ်အနိုင်ရခြင်းဖြစ်ကြောင်း၊ မျှော်မှန်းထားသည့်အတိုင်း ဖြစ်လာ၍ ဝမ်းသာကျေနပ်မှုရှိပြီး ကစားသမားများကိုလည်း ကျေးဇူးတင်ပါကြောင်း၊ ကစားသမားအချို့ ပွဲပယ်ခံထားရသော်လည်း ယခင်ခြေစွမ်းမျိုးရအောင် ကစားနိုင်ခဲ့ကြောင်း၊ လိုအပ်ချက်များကို ဆက်လက်ပြုပြင်ပြီး ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ဘက်အသင်းများ၏ သရေကျမှု၊ရှုံးနိမ့်မှုများကို မစဉ်းစားဘဲ မိမိတို့အသင်း အနိုင်ရရှိရေးကိုသာ အာရုံစိုက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ပုံစံမပြောင်းလဲ

စီးပွား/ကူးသန်းဘောလုံးအသင်း နည်းပြချုပ် ဦးဉာဏ်ဝင်းကလည်း "မိမိတို့အသင်း ပွဲတိုင်းဂိုးပြတ်အနိုင်ရရှိထား၍ ရလဒ်ကောင်းပါကြောင်း၊ သို့သော်လည်း အားနည်းချက်အချို့ ရှိနေဆဲဖြစ်ကြောင်း၊ ကစားသမားအချို့ စာမေးပွဲရှိနေ၍ ကွဲခိုင်မှုအားနည်းနေကြောင်း၊ အမာခံကစားသမားအချို့ ပွဲပယ်ခံထားရသော်လည်း မိမိတို့အသင်း၏ အားသာချက်မှာ ခိုင်မာတောင့်တင်းသည့်အလယ်တန်းရှိခြင်းပင်ဖြစ်ကြောင်း၊ လူမစုံသော်လည်း ကစားကွက်ပုံစံ မပြောင်းလဲဘဲ ယခင်အတိုင်း ချမှတ် ကစားမည်ဖြစ်ကြောင်း၊ လူမစုံသော်လည်း ပုံစံမပျက်ကစားနိုင်ခြင်းအတွက် ကစားသမားများကို ချီးကျူးပါကြောင်း၊ စွမ်းအင်အသင်းသည်အသင်းကောင်းတစ်သင်းဖြစ်၍ အကြိတ်အနယ်ကစားရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ပွဲကြီးပွဲကောင်း

အဆင့်မြင့်တန်း၏ အသင်းကြီးနှစ်သင်းဖြစ်သော စီးပွား/ကူးသန်းအသင်းနှင့်စွမ်းအင်အသင်းတို့ ဆုံတွေ့ခြင်းဖြစ်ပြီး အမှတ်ပေးချန်ပီယံဆုအတွက် အရေးပါသောပွဲစဉ်ဖြစ်ရာ အကြိတ်အနယ် ပွဲကြီးပွဲကောင်း ကြည့်ကြရမည်ဖြစ်ကြောင်း ကြိုတင်သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ရပ်တည်မှုအနေအထား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	ဘဏ္ဍာ/အခွန်	၃	၃	၀	၀	၇	၁	၉
၂	ကမ္ဘောဇ	၃	၂	၁	၀	၆	၀	၇
၃	စီးပွား/ကူးသန်း	၂	၂	၀	၀	၈	၁	၆
၄	ပို့ဆောင်ရေး	၂	၂	၀	၀	၂	၀	၆
၅	ဆောက်လုပ်ရေး	၃	၁	၂	၀	၂	၁	၅
၆	စွမ်းအင်	၂	၁	၁	၀	၂	၁	၄
၇	မြို့တော်စည်ပင်	၂	၁	၁	၀	၃	၂	၄
၈	သစ်တောရေးရာ	၃	၁	၀	၂	၃	၆	၃
၉	ကာကွယ်ရေး	၂	၁	၀	၁	၃	၆	၃
၁၀	မြန်မာ့မီးရထား	၂	၀	၁	၁	၁	၂	၁
၁၁	ပြည်ထဲရေး	၂	၀	၀	၂	၂	၄	၀
၁၂	တပ်မတော်(ကြည်း)	၂	၀	၀	၂	၁	၄	၀
၁၃	လယ်ယာ/ဆည်မြောင်း	၃	၀	၀	၃	၁	၆	၀
၁၄	Eleven	၃	၀	၀	၀	၀	၇	၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သစ်တောရေးရာဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း
ချိပ်ပိတ်တင်ဒါ (Sealed Tender)ခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းမှ အောက်ပါပစ္စည်းကို နိုင်ငံခြားငွေ (USD, Euro, JPY) ဖြင့်ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender) ကိုပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	တင်ဒါအမှတ်/ရက်စွဲ	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	16(T)/MTE/2007-2008	Battery	1150 Pcs

၂။ ချိပ်ပိတ်တင်ဒါပိတ်ရက်မှာ ၂၄-၁-၂၀၀၈ရက် မွန်းတည့်၁၂နာရီဖြစ်ပြီး၊တင်ဒါပုံစံများကို ၁၄-၁-၂၀၀၈ ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

အင်ဂျင်နီယာဌာန၊မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)
ကမ်းနားလမ်းနှင့်အလုံလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၂၀၆၈၂ ၊၂၂၀၆၈၃

အများသိစေရန် ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော ကျောက်တံတား၊ လမ်းမတော်၊ ပန်းဘဲတန်းမြို့နယ်များရှိ တိုက်ခန်းများအား ကန်ထရိုက်တာထံမှ အဆင့်ဆင့်ဝယ်ယူထားသူက အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့် ရက်မှစ၍ ၁၄ ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁	ဦးအောင်ဇော်ဝင်း ရှိုင်းဆောက်လုပ်ရေးမှ	ဦးသိန်းလွင်(ခ)လှလွင် ၁၂/ပဘတ(နိုင်)၀၂၅၇၆၀	အမှတ်(၅၃၂/၅၄၂)၊မြေညီ မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်း။
၂	ဦးခင်မောင်လတ် ၁၂/ကတတ(နိုင်)၀၂၂၂၃၆ မှ ဦးမြင့်စိုး ၁၂/သဃက(နိုင်)၀၉၇၉၉၀ မှ	ဒေါ်နွယ်နွယ်စိုး ၁၂/ပဘတ(နိုင်)၀၂၃၁၄၉	အမှတ်(၁၄၉/၁၅၃)၊ ၅-လွှာ(ယာ) ၂၉ လမ်း၊ ပန်းဘဲတန်း။
၃	ဦးအောင်ဇော်ဝင်း ရှိုင်းဆောက်လုပ်ရေးမှ ဦးခင်မောင်သန်း ၆/ကသန(နိုင်)၀၀၂၄၇၁	ဦးဝင်းဦး ၁၂/ကတတ(နိုင်)၀၂၀၂၆၁	အမှတ်(၁၆၅/၁၆၇)၊ စတုတ္ထထပ်(ယာ) ၃၈ လမ်း၊ ကျောက်တံတား။
၄	ဦးရှိန်ဝင်း တက်လမ်းဆောက်လုပ်ရေးမှ ဦးစောစံ CA-၀၄၃၅၄၂ မှ မဖေဟု ၁၂/လမတ(နိုင်)၀၁၄၄၁၃	ဒေါ်ညွန့်ညွန့် ၁၂/လသန(နိုင်)၀၁၈၆၁၂	အမှတ်(၁၉၂/၁၉၆) ၃-ထပ် အနော်ရထာလမ်း၊ လမ်းမတော်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) တောင်ငူတက္ကသိုလ်တွင် အသုံးပြုရန်အတွက် Lab Apparatus (၁၁)မျိုး၊ Chemical (၃)မျိုးတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

၂။ ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂၃-၁-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀ နာရီ နောက်ဆုံးထား၍ အရောက်တင်သွင်းရမည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
တောင်ငူတက္ကသိုလ်
ဖုန်း-၀၅၄-၂၄၀၀၂၊ ၂၄၀၀၇။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဆ/၁၁၈ G.M.C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်စိန် ၉/မရမ(နိုင်)၀၃၅၈၂၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး၊
(မြစ်ကြီးနားမြို့)။

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း နှင့် Myanmar Credent Technology တို့ ပူးပေါင်း၍

အောက်ပါသင်တန်းများဖွင့်လှစ်မည်။

စဉ်	သင်တန်းများအမည်	ဖွင့်လှစ်မည့်ရက်	ဖွင့်လှစ်မည့်နေရာ
၁။	GIS Certificate Course	(19.2.2008)ရက်	နေပြည်တော်
၂။	Remote Sensing Certificate Course	(19.2.2008)ရက်	ရန်ကုန်

MCPA ။ ။ Tel:(၆၅၂၂၇၆)၊ အဆောင်(၄)၊ အခန်း(၄)၊ Myanmar Info-Tech.
MCT ။ ။ Tel:(၆၅၂၂၈၅-၈၆)၊ အဆောင်(၁)၊ အခန်း(၇)၊ Myanmar Info-Tech.

GLORY ၁၂၅- ဘီ၊ ပထမထပ်၊ (၃၈) လမ်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ 01-373431,09-5197817

အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ

1. အသုံးချ အီလက်ထရွန်နစ်သင်တန်း
2. တီဗွီ၊ ဗွီစီဒီ၊ ဒီဗွီဒီ စက်ပြင်သင်တန်း
3. ကြိုးမဲ့တယ်လီဖုန်း ပြုပြင်တပ်ဆင်ခြင်းသင်တန်း
4. မော်တာ၊ ဒိုင်နမို၊ ထရန်စဖော်မာ လက်တွေ့သင်တန်း
5. အိမ်တွင်းလျှပ်စစ်ပစ္စည်းများ ပြုပြင်ခြင်းသင်တန်း
6. မော်တော်ကားဆိုင်ယာရိန်းသင်တန်း
7. ဒီဇယ်၊ ဓာတ်ဆီအင်ဂျင်ပြုပြင်ခြင်းသင်တန်း
8. အခြေခံလျှပ်စစ်နှင့် ဝိုင်ယာရိန်းသင်တန်း
9. အဆင့်မြင့် Electrical Control သင်တန်း
10. လေအေးပေးစက်နှင့်ရေခဲသေတ္တာ ပြုပြင်တပ်ဆင်ခြင်းသင်တန်း
11. ဂဟေဆက် သင်တန်း (3G, 4G, 5G, 6G)
12. PLC (Programmable Logic Controller) သင်တန်း (OMRON စက်နှင့် Sensor မျိုးစုံသုံး၍သင်ကြားမည်။)
13. CNC (Computerized Numerical Control) သင်တန်း
14. PIC Microcontroller သင်တန်း

ဘော်ဒါဆောင်စီစဉ်ပေးသည်။

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် ပြာသိုလဆန်း ၈ ရက်
၁၅-၁-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ကျောက်ဆည်စက်မှုဇုန်မှ အဆင့်မြင့် မီးခံအုတ်စက်ရုံအကြောင်း)
၁၁း၃၀ မြန်မာ့မူဟန်ဇာတ်မာန် ဟောပြောချက် (နဝဒေးနှင့် ကမ္ဘောဇသာဒီမြို့နန်းဘွဲ့ရတု- စာရေးဆရာ တက္ကသိုလ်ညိုသန့်)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (အပြိုင်-ထက်ခေါင်)
၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ထာဝရကြည်ဖြူသွားပါ့မယ်)
၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ဆေးဖက်ဝင်မြက်- စေတနာလှိုင်-ရေစကြို)
၁၃း၁၀ ပညာရေးအစီအစဉ် (အလယ်တန်း-အင်္ဂလိပ်စာ) (Teaching Paragraph Writing in Middle Schools)

ညပိုင်း

၁၆း၁၀ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) ချစ်စွာသောအိမ်ခင် (လေလှိုင်းသံအဖွဲ့)
(၂) အားကစားနှင့်မြန်မာ (ရွှေပြည်တန်အဖွဲ့)
(၃) သည်မိုးသည်မြေ (တေးစံပယ်အဖွဲ့)
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၀ ဟောပြောချက် (ကယားတို့ဌာနေ ငွေတောင်ပြည်)
၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကိုယ်အလေးချိန် ထိန်းသိမ်းခြင်း)
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ဝါသနာကိုထားခဲ့ရပြီ)
၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (တုပ်ကွေးကပ်ရောဂါ- ဒေါက်တာခင်မောင်လွင်)
၁၉း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) သစ္စာရှင် (မင်းအောင်-နီနီဝင်းရွှေ)
(၂) အချစ်ပြီးတော့ အချစ် (ချစ်ကောင်း-ဟေမာနေဝင်း)
(၃) ချစ်အဏ္ဏဝါ (အောင်ရင်-မေဆွိ)
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မလွမ်းဘယ်သူနေပါ့မယ် (စိန်မောင်မြင့်)
(၂) စံပယ်ပွင့်ပြီမောင်(ကြည်ကြည်ဝင်း)
(၃) ဆောင်းဘုရင်မလေးနှင်း (စန္ဒရားချစ်ဆွေ)

တောင်ကြီး ဇန်နဝါရီ ၇

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ဂုဏ်ပြု ကျေးလက်လမ်းနှင့်စက်ရေတွင်းဖွင့်

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ကျောက်နီကျေးရွာစက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၇ ရက် နံနက် ၉ နာရီက အဆိုပါစက်ရေတွင်းရှေ့၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)ဦးနေဝင်းနှင့်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောက်နီ-သရက်ပင်လှ ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားကို ရွာထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိက လမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ခေတ္တညွှန်ကြားရေးမှူး ဦးအောင်မြင့်က လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးထံသို့ ပေးအပ်သည်။

ဖွင့်လှစ်

ယင်းနောက် ကျောက်နီ-သရက်ပင်လှ ကျေးလက်ကျောက်ချောလမ်းသစ်ကိုရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များက လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ ရွှေရင်အေးလမ်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၉ရက် နံနက် ၉ နာရီက လမ်းသစ်မုခ်ဦး၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ခေတ္တညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ပြည်နယ်ပြန်/ဆက်)**

သီပေါ၌ ပညာရေးစုံညီပွဲနှင့် ဘက်စုံထူးချွန်သူများ ဆုချီးမြှင့်

သီပေါ ဒီဇင်ဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၃ရက် နံနက်၈နာရီက အခြေခံပညာအထက်တန်းကျောင်း အဝင်မုခ်ဦး၌ ကျင်းပရာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် မြို့နယ်ပညာရေးမှူး ဦးသိန်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသိန်းဆွေက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း၏ ရည်မှန်းချက်နှင့် ဘက်စုံထူးချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူများ၏ အမည်စာရင်းများကို ရှင်းလင်းတင်ပြသည်။

ချီးမြှင့်

ဆက်လက်၍ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် အခြေခံပညာကျောင်းများမှ စာပေထူးချွန်ဆု၊ဘက်စုံထူးချွန်ဆု၊ ပညာရေးဌာနဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်ခဲ့သည့် ဆုရကျောင်းသား ကျောင်းသူများကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ်ပညာရေးမှူး ဦးသန်းဆွေ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကျင်မြ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးလှစိန်နှင့်တာဝန်ရှိသူများက တစ်ဦးချင်းဆုများပေးအပ်ချီးမြှင့်ကြသည်။ထို့နောက်အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းသားကျောင်းသူများက ရှမ်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အကများ၊ ပဒေသာအကများနှင့် အငြိမ့်ခန်းများကို ညှော့ခံကပြဖျော်ဖြေကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မော်လမြိုင်ကျွန်း ကုန်တင်ကုန်ချအလုပ်သမားများ ဝတ်စုံအခမဲ့ ထောက်ပံ့ပေးအပ်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၅

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံးက ကြီးမှူးကျင်းပသော မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချ အလုပ်သမားများအား ဝတ်စုံအခမဲ့ ထောက်ပံ့ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး ဦးစီးအရာရှိ ဒေါ်နီနီဝင်းနှင့် စောင့်ရှောက်ရေးမှူးဦးခင်ရှိန်တို့က အလုပ်သမားများအား နှစ်စဉ်ဝတ်စုံပြည့်အခမဲ့ပေးအပ်ခြင်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချအလုပ်သမား ၁၃၁ ဦးတို့အတွက် တန်ဖိုးငွေကျပ် ၇၃၃၆၀၀ ရှိသော ဝတ်စုံပြည့် ၁၃၁စုံကို ဦးစီးအရာရှိ ဒေါ်နီနီဝင်းက ပြည်တွင်းကုန်တင်ကုန်ချ အလုပ်သမားတစ်ဦးချင်းအား အခမဲ့ ထောက်ပံ့ပေးအပ်ကြသည်။ **(အပေါ်ပုံ)** (၀၉၇)

သံဖြူဇရပ်၌ မြေယာရှုခင်းပြုပြင်

သံဖြူဇရပ် ဒီဇင်ဘာ ၂၆

သံဖြူဇရပ်မြို့ ဆေးရုံရှေ့တွင် ဆောင်ရွက်ထားရှိသည့်မြေယာရှုခင်းကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ဒီဇင်ဘာ ၂ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ ဦးမိုးရန်နိုင်တို့က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဇန်နဝါရီ၃ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၆၅)ရပ်ကွက် အမက (၁၃) မူလွန်ကျောင်း ၂၀၀၆-၂၀၀၇ ပညာရေးစုံညီပွဲတော် နှစ်ပတ်လည်ဆုပေးပွဲတွင် ငါးနှစ်ဆက်တိုက်ပထမဆုရကျောင်းသူ မမေသဉ္ဇာဖြိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဝင်းက ဆုချီးမြှင့်စဉ်။ (က-ပ)

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေး နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ *စာမျက်နှာ ၉ ကော်လံ ၅* ✻

သဘာပတိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဆောင်းအအေး

ဟားခါး	လွိုင်လင်
၀ ဒီဂရီစင်တီဂရိတ်	၁ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	နမ့်စန်
၁ ဒီဂရီစင်တီဂရိတ်	၄ ဒီဂရီစင်တီဂရိတ်

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC

လေလှိုင်းပေါ်က လူသတ်သမားများ

ပြည်သူအားလုံး သတိထား